**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၇၁)**

နေ့စွဲ – ၂၀. ၃. ၂၀၁၁

## ခရစ်တော်၏ဇာတိနှစ်ခုတို့ကြားခြားနားခြင်းအကြောင်း
(The Distinction Between Christ's Two Natures)

ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်၊ လူသားဖြစ်သည်ဟု ပြောဆိုကြသောအခါ၊ သူ၏ဇာတိသဘာဝနှစ်ခုကို ရှုပ်ထွေးမသွားဖို့ အရေးကြီးပါသည်။ အသင်းတော်သမိုင်းတလျှောက်ထိုသို့ရှုပ်ထွေးခဲ့ကြသည်ကို တွေ့ရပါသည်။ ဥပမာ – အချို့တို့က သူ့ကို ဘုရား–လူသားဟုခေါ်ကြသည်၊ ထိုသို့ခေါ်ခြင်းဖြင့်သူသည် ဘုရားအစစ်မဟုတ်တော့သလို၊ လူသားအစစ်လည်း မဟုတ်တော့ပါ၊ ထိုနှစ်ခုရောစပ်သောအရောအနှောတမျိုးဖြစ်လာပါသည်။ တူညီသောဥပမာပြရမည်ဆိုလျှင် ဆိုဒီယံသတ္တုကို အဆိပ်ဓါတ်ငွေ့တမျိုးဖြစ်သော ကလိုရင်းဓါတ်ငွေ့နှင့်ရောသောအခါ ဆိုဒီယမ်ကလိုရိုဒ်ဓါတ်(အိမ်သုံးဆား)ထွက်လာသမျိုးဖြစ်ပါမည်။ သတ္တုလည်းမဟုတ်တော့သလို၊ ဓါတ်ငွေ့လည်းမဟုတ်တော့ပါ။

ထိုအိုဟောင်းနေပြီဖြစ်သည့် မှားယွင်းသောအယူဝါဒ၏ပြဿနာမှာ လူသားနှင့်ဘုရားဇာတိအကြား ခြားနားမှုကို ထည့်မတွက်ခြင်းဖြစ်ပါသည်။ ထိုသို့သောယူဆခြင်းအမှား ယနေ့လည်းရှိနေပါသေးသည်။ ထိုသူတို့က ဘုရားဇာတိနှင့်လူသားဇာတိတို့၏ခြားနားချက်ကို မှုန်ဝါးဝါးပြောဆိုလျှက်၊ ကောင်းမြတ်သောလူတယောက် ဘုရားဖြစ်လာပုံခံ ပြောချင်ကြသည်။ ထိုသူတို့က ခရစ်တော်သည် သူ၏လူသားဇာတိ၏ဖြစ်နိုင်စွမ်းအဆုံးအစွန်ကိုအသုံးပြုလျှက် ဘုရားအဖြစ်သို့ရောက်ရှိသွားသည့်၊ အဆင့်အရမ်းမြင့်သွားသည်ဟု ပြောကြသည်။ ထိုအထဲတွင် ခရစ်ယာန်သံပုံသီချင်းအမြောက်အများရေးသူ အိုင်ဇက်စ်ဝပ်စ်(Issac Watts)ပါသည်။

ထိုသို့ ဘုရားနှင့်လူသားဇာတိကြားခြားနားချက်ကို မှုန်ဝါးဝါးလုပ်ကြသူများထဲတွင် "အပြုသဘောတွေးခေါ်ခြင်း"(Positive thinking)ဇဝံဂေလိအုပ်စုများ၊ "မောဒန်အုပ်စုများ"(modernism) ပါဝင်ကြပါသည်။ ထိုသူတို့က လူတို့သည် မိမိတို့အတွေးများတွင် အပြစ်၊ အကုသိုလ်စသည်တို့ကို ဖယ်ရှားပစ်ကာ၊ အပြုသဘောနှင့်မိမိကိုယ်ကို မြင်ကြရမည်၊ ထိုသို့ဖြင့် ခရစ်တော်လုပ်ခဲ့သလို၊ လူဖြစ်ခြင်း၏စွမ်းဆောင်နိုင်မှုများကို အဆုံးစွန်ထုတ်လုပ်လာနိုင်ကြမည်ဟု သင်နေကြပါသည်။ ထို့ကြောင့် ကယ်တင်ခြင်းဆိုသည်မှာ ယောက်ကျားမိန်းမတို့ ပြည့်စုံသောလူသားသဘာဝသို့ တိုးတက်ရောက်ရှိခြင်းတွင်သာရှိပါသည်။ ထိုသို့ရောက်ရှိခြင်းသည် ဘုရားဖြစ်ခြင်းနှင့်အတူတူဖြစ်ပါသည်ဟု ပြောကြသည်။

ခရစ်တော်၌ရှိသော ဇာတိသဘာဝနှစ်ခုတို့၏ခြားနားခြင်းအမှန်တရားကို ထိန်းသိမ်းရန် ကျွန်တော်တို့သည် ကျမ်းစာကသုံးသောစကားလုံးထက်ပို၍မသုံးမိရန် သတိပြုရပါမည်။ ဥပမာ၊ ခရစ်တော်သည် မိမိ၏လူသားဇာတိဖြင့် လက်ဝါးကပ်တိုင်၌အသေခံသည် (သို့) ဝေဒနာများကိုခံစားလျှက် သေသည်ဟု ပြောကြပါသည်၊ သို့သော် လက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားသခင်သေသည်ဟု မပြောကြပါ။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားသခင် ၏စွန့်ပစ်ခြင်းကို ခံရသည်ဟုပြောကြပါသည်၊ ဘုရားသခင်သည် ဘုရားသခင်၏စွန့်ပစ်ခြင်းကို ခံရသည်ဟု မပြောကြ ပါ။

ထိုသို့ပြောဆိုခြင်းဥပမာများကို ကျမ်းစာထဲတွင်တွေ့ရပါသည်၊ ရောမ ၉း၅ ကဲ့သို့သောကျမ်းပိုဒ်၊ ထိုနေရာ၌ အသွေးအသားအရ ခရစ်တော်သည် ဂျူးလူမျိုးအဖြစ် လာခဲ့သည်ဟုပြောပါသည်။

ထို့ကြောင့် ကျွန်တော်တို့၏သခင်ခရစ်တော်သည် ပုဂ္ဂိုလ်တဦးထဲတွင် ထာဝရ၊ အရာခပ်သိမ်းကိုသိ၊ အရာခပ်သိမ်းကိုလုပ်နိုင်သောတန်ခိုးပိုင်ရှင်၊ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသူ ဖြစ်သလို၊ တချိန်တည်းတွင် သူသည် လူဖြစ်ခြင်း၏အကန့်အသတ်များအားလုံးနှင့် လူသားစစ်စစ်ဖြစ်သူလည်း ဖြစ်တော်မူပါသည်။ ၎င်းသည် လူ့ဇာတိခံယူခြင်း၏အံ့ဩစရာဖြစ်ပါသည်။ ဘုရားဖြစ်ခြင်း၏ ကြီးမားသောနက်နဲမှုဖြစ်ပါသည်။ ကျွန်တော်တို့ကယ်တင်ခြင်းအတွက် မျှော်လင့်ခြင်းလည်းဖြစ်ပါသည် (ဖေက် ၄း၉၊၁၀)။

အရာနှစ်မျိုးရောစပ်သဖြင့် နောက်တမျိုးဖြစ်လာခြင်းကို နားလည်ရလွယ်ပါသည်။ သို့သော် ခရစ်တော်ထဲ၌ ဇာတိနှစ်ခုသည် ထာဝရအမြဲတမ်း မည်ကဲ့သို့ ညီညွတ်နေကြလျှက်၊ မည်ကဲ့သို့ ခြားနားနေကြကြောင်းကို နားလည်ဖို့ရန်မှူ အတော်ခက်ပါသည်၊ ကျွန်တော်တို့နားလည်နိုင်စွမ်း၏ ဟိုမှာဖက်တွင်ဖြစ်နေပါသည်။ ထိုအချက်က ခရစ်တော် ၏လူ့ဇာတိခံယူတော်မူခြင်းသည် ဘုရားသခင်ပြုသော အံ့ဩစရာအလုပ်ဖြစ်ကြောင်း ပြောပြနေပါသည်။

## ခရစ်တော်၌ပြုသောဘုရားသခင့်ပဋိညာဉ်အကြောင်း

(God's Covenant in Christ)

**ကျမ်းစာကပေးသော တန်ဖိုးအကြီးဆုံးကတိတော်များနှင့်ပတ်သက်၍ ခရစ်တော်၏ဇာတိသဘာဝနှစ်ခုတို့ညီညွတ်နေခြင်းအကြောင်းသည် အရေးကြီးလှပါသည်။ သူသည် ထိုကတိတော်များ ပြည့်စုံခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သူသည် ဧမာနွေလ "ဘုရားသခင်ငါတို့နှင့်ရှိသည်" ဖြစ်ပါသည်။**

**ထိုကတိတော်များနှင့်ပတ်သက်၍ ဤကျမ်းပိုဒ်များကို ရည်ညွှန်းပါသည်၊ ၂ပေ ၁း၄** "အကြောင်းမူကား၊ ထိုဂတိတော်များကိုအမှီပြု၍ သင်တို့သည် ဘုရားပကတိကိုဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း။" **၂ကော ၆း၁၆** "သူတို့တွင် ငါကျိန်းဝပ်မည်။ သူတို့တွင် လှည့်လည်မည်။" **ဖေက် ၃း၁၉** "သင်တို့သည် ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြမည်။" **ဖေက် ၅း၃၀** "အကယ်စင်စစ်ငါတို့သည် သခင်ဘုရား၏အသားတော်၊ အရိုးတော်တို့အဝင်ဖြစ်၍၊ ကိုယ်တော်၏အင်္ဂါဖြစ်ကြ၏။" **ဂလာတိ ၂း၂၀** "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။"

**ထိုကတိတော်များအားလုံးက ဂျွန်ကဲလ်ဗင်းပြောသလို၊ ဘုရားသခင်၏ခရစ်တော်အားဖြင့် သူ့လူများနှင့်နက်နဲဆန်းကြယ်သောညီညွတ်ဆက်နွယ်နေမှုသည် ရှိနေသည်ဟု ပြောပြနေကြပါသည်။ ၎င်းတို့သည် ပုံဆောင်ချက်သက်သက်မဲ့ကိုသာ ပြောနေကြခြင်းမဟုတ်ပါ၊ ယုံကြည်ခြင်းကို ပုံဆောင်ချက်ဖြင့် ဖေါ်ပြသောကျမ်းပိုဒ်များနှင့်လည်း မတူကြပါ။ တကယ်ရှိနေသော ဆက်သွယ်မှု ဆက်နွယ်မှုဖြစ်ပါသည်။ ယုံကြည်ခြင်းကို အရှိအတိုင်းဖေါ်ပြရလျှင် ခရစ်တော်ထဲသို့ယုံကြည်ခြင်းဖြစ်ပါသည်။ ခရစ်တော်အထဲသို့ ဝင်ရောက်သွားခြင်းဖြစ်ပါသည်။**

**ထို့ကြောင့် အထက်ကဖေါ်ပြခဲ့သော်ကျမ်းပိုဒ်များက၊ ဘုရားသခင်နှင့်သူ့လူတို့အကြား ဖြစ်နိုင်သမျှ အနီးကပ်ဆုံးဆက်ဆံရေး မိဿဟာယဖွဲ့မှုကို ပြောနေခြင်းဖြစ်ပါသည်။ ထိုမိဿဟာယတွင် ဘုရားသခင်၏လူတို့သည် အမှန်တကယ်ပင် သူ၏ကိုယ်ပိုင်ကောင်းချီးမင်္ဂလာပြည့်သောအသက်တာကို ဝင်ရောက်ခွင့်ရကြပါသည်။ သူနှင့်ညီညွတ်စွာနေထိုင်ခွင့်ရကြပါသည်။ သူတို့သည် ကျေးဇူးတော်ကြောင့် သူ၏မိသားစုဝင်များ ဖြစ်လာကြသည်၊ ဘုရားဖြစ်တော်မူခြင်းကို ပါဝင်ဆက်ဆံကြရသူများဖြစ်လာကြပါသည်။ အံ့သြစရာကောင်းလှသည်မဟုတ်ပါလား?**

**ထိုညီညွတ်စွာနေထိုင်ရခြင်းသည် ခရစ်တော်ကြောင့် အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။ သူသည် တဖက်တွင် ကျွန်တော်တို့၏ အသွေးအသား ဖြစ်တော်မူသည်၊ နောက်တဖက်တွင် သူသည်စစ်မှန်သော ပြည့်ဝသောဘုရားသခင်ဖြစ်တော်မူပါသည်။ သူ့ထံတွင် ဘုရားခင်နှင့်လူသားသည် တွေ့စုံပါသည်၊ ညီညွတ်စွာရှိပါသည်၊ ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့် သူ့ထံတွင် ရှိနေကြသည်၊ သူ့ထံတွင် ဘုရားသခင်၏အဖြစ်တော်ရှိရှိသမျှသည် တကယ့်ကိုတည်ရှိနေသဖြင့် ကျွန်တော်တို့လည်း ထိုအထဲတွင် ပါဝင်နေကြပါသည် (ကော ၂း၉-၁၀)။**

**ခရစ်တော်သည် သူ၏လူသားဇာတိခံယူခြင်းဖြင့် ကျွန်တော်တို့၌ဧမာနွေလ(ဘုရားသခင်ငါတို့နှင့်အတူရှိသည်) ဖြစ်လာပါသည်။ သူ့အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့ထံလာရောက်သောကြောင့်သာမဟုတ်ပါ၊ သူ့အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့ထံလာရောက်နေထိုင်တော်မူပါသည်၊ အနီးနိုင်သမျှအနီးကပ်ဆုံးအဖြစ်နှင့်လာနေတော်မူပါသည်။**

**ခရစ်ယာန်တို့၏လက်ထပ်ထိမ်းမြားခြင်းက ထိုအမှန်တရားကို ရုပ်ပုံကားချပ်အဖြစ် ထင်ဟပ်စေပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိမ်းမြားလက်ထပ်ခြင်းတွင် ယောကျ်ားနှင့်မိန်းမတို့သည် "တသားတည်း"**(one flesh) **ဖြစ်လာသောကြောင့်ဖြစ်သည်(မယုံကြည်သူတို့၏မင်္ဂလာဆောင်ခြင်း အကျုံးမဝင်ပါ)။ ဖေက် ၅ တွင် ပေါလုက ယုံကြည်သူတို့၏ ထိန်းမြားလက်ထပ်ခြင်းနှင့်ပတ်သက်၍ ယောကျ်ားနှင့်မိန်းမတို့သည် တသားတည်းဖြစ်လာသည်ဟုပြောချိန်တွင်၊ ဤသည့်ဆက်ပြောထားသည်၊** "ဤအရာသည် လျှို့ဝှက်နက်နဲသောအရာဖြစ်ပေ၏။ ထိုသို့ငါဆိုသော်၊ ခရစ်တော်နှင့်အသင်းတော်ကို ရည်မှတ်၍ ဆိုသတည်း။" **(၃၂)**

**ခရစ်တော်၌ ဘုရားသခင်နှင့်သူ၏လူတို့၏လက်ထပ်ထိမ်းမြားခြင်းဖြင့် သူတို့သည် တသားတည်းဖြစ်လာသည်ဆိုသည့်အချက်က ကျေးဇူးတော်ပဋိညာဉ်ကို အကောင်အထည်ပေါ်လာစေပါသည်။ ဘုရားသခင်၏ပဋိညာဉ်သည် မိတ်ဆွေသူငယ်ချင်းဖြစ်မှုပဋိညာဉ် ဖြစ်ပါသည်၊ ထိုပဋိညာဉ်ဖြင့် ဘုရားသခင်က သူသည် ကျွန်တော်တို့ဘုရား**

ဖြစ်မည်၊ ကျွန်တော်တို့သည် သူ၏လူများဖြစ်လာကြမည်ဟု ကတိပေးပါသည်။ ထိုကတိတော်သည် ကျွန်တော်တို့ ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်တသားတည်းဖြစ်ကြချိန်တွင် အကောင်အထည်ပေါ်လာပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် သိုးသငယ်၏မင်္ဂလာဆောင်ပွဲကို မျှော်လင့်ကြပါသည်၊ ကောင်းကင်နိုင်ငံတော်၏ ဝမ်းမြောက်မှု ရုပ်ပုံကားချပ်အဖြစ်သာ မျှော်လင့်ကြသည်မဟုတ်ပါ၊ ခရစ်တော်၌ကျွန်တော်တို့၏ ဘုရားသခင်နှင့်တညီတညွတ်တည်းဖြစ်ခြင်း အဆုံးသပ်အကောင်ထည်ဖေါ်ခြင်းအဖြစ် မျှော်လင့်ကြပါသည်၊ ထိုအချိန်သည် ကျွန်တော်တို့၏မျှော်လင့်ခြင်းအားလုံး တကယ်ဖြစ်လာချိန်၊ ကျွန်တော်တို့ဝမ်းမြောက်မှုအားလုံး စတင်ချိန်ဖြစ်ပါမည်။

## ခရစ်တော်၏ဌာနသုံးမျိုးအကြောင်း

(The Three Offices of Christ)

ခရစ်တော်၏ဌာနများဟုပြောကြသည့်အခါ၊ ခရစ်တော်သည် ကျွန်တော်တို့၏ ကြီးမြတ်သောပရောဖက်(တမန် ၃း၂၂–၂၆)၊ ကျွန်တော်တို့၏ တဦးတည်းသောယဇ်ပုရောဟိတ်မင်း(ဟေဗြဲ ၇း၂၄–၂၈)၊ ကျွန်တော်တို့၏ ထာဝရ ရှင်ဘုရင်(ဗျာ ၁၇း၁၄)ဖြစ်ကြောင်း ပြောကြခြင်းဖြစ်သည်။

ထိုဌာနသုံးမျိုးဖြင့် ကျမ်းစာထဲတွင် ခရစ်တော်သည် ထူးခြားလှသူဖြစ်သည်။ မေလခိဇေဒက်မှလွဲ၍ မည်သူမျှ ထိုဌာနသုံးမျိုးကို တချိန်ထဲတွင် ယူဆောင်သူမရှိပါ (ဟေဗြဲ ၇)။ ဓမ္မဟောင်းရှင်ဘုရင်များခေတ်တွင် အစ္စရေးနှင့် ယုဒဘုရင်များအား ဘုရင်၊ တချိန်ထဲတွင် ယဇ်ပုရောဟိတ် နှစ်မျိုးတွဲတာဝန်ယူခြင်းကို တားမြစ်ပါသည်။ ယုဒဘုရင် ဩဇိသည် ထိုသို့ဖြစ်ရန် ကြိုးစားခြင်းကြောင့် နူသွားခဲ့ပါသည် (၆ရာ ၂၆း၁၆–၂၁ကို ၁ရာ ၁၃း၈–၁၄ နှင့်နှိုင်းယှဉ် ဖတ်ကြည့်ပါ)။

တစုံတဦးသည် ယဇ်ပုရောဟိတ် တချိန်ထဲတွင် ပရောဖက် ဖြစ်နိုင်ပါသည်၊ ဥပမာ ရှမွေလ၊ (သို့) ရှင်ဘုရင် တချိန်ထဲတွင် ပရောဖက် ဒါဝိတ်ကဲ့သို့။ သို့သော် ဘယ်တော့မှ ဘုရင် တချိန်ထဲတွင် ယဇ်ပုရောဟိတ်မင်း မဖြစ်ရ။ မေလခိဇေဒက်သာ တချိန်ထဲတွင် နှစ်မျိုးစလုံးဖြစ်ခဲ့သည်။ သူသည် ခရစ်တော်ကို ထူးခြားစွာပုံဆောင်သူဖြစ်သည်။ ခရစ်တော်နှင့်တူသူ တယောက်မှ မရှိပါ။

ခရစ်တော်နှင့်တူသူ တဦးမှမရှိ၍၊ ကျွန်တော်တို့ထံတွင် သူမှလွဲ၍ မည်သူ့ကိုမှ မရှိစေရပါ။ ခရစ်တော်မှလွဲ၍ ဤလောကနှင့်ဆိုင်သော မည်သည့်ယဇ်ပုရောဟိတ်၊ ပရောဖက်၊ ရှင်ဘုရင်မျှ မရှိပါ။ ထို့ကြောင့် ယနေ့ခေတ်တွင် မိမိတို့ကိုယ်ကို သူတို့သည် ပရောဖက်များ (သို့) ယဇ်ပုရောဟိတ်များ(ခရစ်ယာန်ဘုန်းကြီးများ) (သို့) သခင်ယေရှုခရစ်တော်၏အသင်းတော်၌ ကြီးမြင့်သောပုဂ္ဂိုလ်ကြီးများဖြစ်သည်ဟု ကြွေးကြော်နေကြသူများသည် ရှက်စရာအလွန်ကောင်းနေပါသည်။ အသင်းတော်၏ဦးခေါင်းသည် ခရစ်တော်သာဖြစ်သည်၊ အခြားမရှိပါ။ ပရောဖက်မရှိ အသက်ရှင်သော နှုတ်ကပတ်တော်သာရှိပါသည်၊ ယဇ်ပုရောဟိတ်(ခရစ်ယာန်ဘုန်းကြီး)မရှိပါ သို့သော် မိမိလူတို့၏အပြစ်များအတွက် မိမိကိုယ်ကို ယဇ်အဖြစ်ပူဇော်သူ ဂရုဏာရှင် ဘုရားသခင်၏သားတော်သာရှိပါသည်။

ခရစ်တော်၏ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင် စသောဌာနများအကြောင်းမလေ့လာခင်၊ "ဌာန" ဆိုသောစကားလုံးက ဘာကိုဆိုလိုကြောင်း နားလည်ဖို့လိုပါမည်။ ပထမအနေနှင့် ဌာန ဆိုသည်မှာ အမှုဆောင်ခြင်းနေရာတခုကို ဆိုလိုပါသည်။ သူ၏ဌာနများအားဖြင့် ခရစ်တော်ကို ကျမ်းစာက ယေဟောဝါ၏အစေခံဟု သတ်မှတ်ပါသည်၊ အထူးသဖြင့် ဟေရှာယအနာဂတ္တိကျမ်းတွင်ဖြစ်သည် (ဟေရှာ ၅၂း၁၃၊ ၅၃း၁၁)။ ယေဟောဝါ၏အစေခံအဖြစ် သူသည် ဘုရားသခင်၏အလိုဆန္ဒနှင့်အလုပ်ကို လုပ်ကိုင်ရန် လာခဲ့ပါသည် (လုကာ ၂း၄၉၊ ယော ၄း၃၅)။

ဒုတိယအနေနှင့် ဌာန ဆိုသည်မှာ ဩဇာအာဏာရှိသောနေရာတခုဖြစ်ပါသည်။ သူ၏ဌာနသုံးခုဖြင့် ခရစ်တော်တွင် ကောင်းကင်နှင့်မြေကြီးအားလုံးကိုအုပ်စိုးသောအာဏာရှိပါသည်(မဿဲ ၂၈း၁၈)။ ပရောဖက်အနေနှင့်သူပြောသောစကားများသည် ဩဇာရှိလွန်းသဖြင့် နားမထောင်သူသည် ပျက်ဆီးခြင်းသို့ရောက်ရပါသည်။ ယဇ်ပုရောဟိတ်အနေနှင့် သူလုပ်ပေးသည်များသည်၊ ယဇ်ပူဇော်ပေးခြင်းနှင့်ကောင်းချီးပေးခြင်းနှစ်မျိုးလုံး၊ ကယ်တင်ခြင်းအတွက်လုပ်ပေးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ထိုသို့ပြုရန် အာဏာကို သူ့ထံ ပေးအပ်ထားသဖြင့် သူ့အား ဘုရားသခင်ကပေးသမျှသော သူအားလုံး၏ အပြစ်များကို ကြေအေးစေရန်အတွက် တကြိမ်ယဇ်ပူဇော်ခြင်းကိုပြုလျှက်၊ ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများအားလုံးနှင့်ကောင်းချီးပေးတော်မူသည်။

နောက်ဆုံးအနေနှင့် ဌာန ဆိုသည်မှာ ကြားဝင်ဖြန်ဖြေပေးသောနေရာတခုဖြစ်ပါသည်။ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင်အနေနှင့် ခရစ်တော်သည် ကျွန်တော်တို့၏ ကြားဝင်ဖြန်ဖြေပေးသူဖြစ်ပါသည်။ သူသည် ဘုရားသခင်နှင့် ကျွန်တော်တို့အကြားတွင် ရပ်ပေးပါသည်။ ဘုရားသခင့်ဖြောင့်မတ်ခြင်းက တောင်းဆိုသည်ကို ကျေနပ်ရန်

အပြစ်အတွက် ယဇ်ပူဇော်ပေးဖို့သာမကပါ၊ ပရောဖက်အနေနှင့် ဘုရားသခင်၏စကားကို ကျွန်တော်တို့ထံယူဆောင်လာသူအဖြစ်၊ ဘုရားသခင့်နာမတော်အတွက် အစိုးရသောဘုရင်အဖြစ် ကျွန်တော်တို့ကို အုပ်စိုးရန်လည်း ရပ်ပေးတော်မူပါသည်။

သူ၏ ခရစ်တော်ဆိုသော၊ ဓမ္မဟောင်းကာလအခေါ် မေရှိယဆိုသည့်အမည်က ထိုအရာများအားလုံးကို ဖေါ်ပြနေပါသည်။ ထိုအမည်၏အဓိပ္ပါယ်မှာ ဘိသိတ်ပေးခြင်းခံရသူဖြစ်သည်၊ ခရစ်တော်ကို ကျွန်တော်တို့၏ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင်အဖြစ် ခမည်းတော်ဘုရားက သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘိသိတ်ပေးသည်၊ ခန့်အပ်ထားသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အမှန်ပင် သူနှင့်တူသူ မရှိပါ။ ထို့ကြောင့် ကျွန်တော်တို့သည် မည်သူ့ကိုမှ နားမထောင်ပါ၊ မည်သူ့ထံမှ ဦးမညွတ်ပါ၊ သူလုပ်ပေးသောယဇ်ပူဇော်ခြင်းမှလွဲ၍ မည်သူ့ကိုမှအားမကိုးပါ။ ထို့ကြောင့် သူသည် ကျွန်တော်တို့အတွက် အသက်ရှင်တော်မူသောဘုရားသခင့်သားတော် ခရစ်တော်အမှန်ပင်ဖြစ်သည်ဟု ပြောနိုင်ကြပါသည်။

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂၆)

### ၁၁း၁–၂

၁၁း၁ တဖန် လသံတံနှင့်တူသောကျူပင်တလုံးကို ငါ့အားပေး၍ ငါ့ကိုပြောဆိုသည်ကား၊ ထလော့။ ဘုရားသခင်၏ဗိမာန်တော် ယဇ်ပလ္လင်ကို တိုင်းလော့။ ဗိမာန်တော်၌ ကိုးကွယ်သောသူတို့ကိုလည်း ရေတွက်လော့။–

၁၁း၂ ဗိမာန်တော်တန်တိုင်းကိုမတိုင်းနှင့်၊ ပယ်ထားလော့။ တပါးအမျိုးသားတို့၌အပ်ပေးပြီ။ သူတို့သည် သန့်ရှင်းသောမြို့တော်ကို၊ လေးဆယ်နှစ်လပတ်လုံး နင်းကြလိမ့်မည်။

**ဗိမ္မာန်တော်ကိုတိုင်းတာခြင်း**

၁။ မည်သူက ယောဟန်ကို တောင်ဝှေးနှင့်တူသောကျူပင်တလုံးပေးကြောင်း မဖေါ်ပြပါ။ ထို့အပြင် ဗျာဒိတ်ရူပါရုံထဲတွင်ပေးခြင်းဖြစ်သည်၊ တကယ်အပြင်တွင်မဟုတ်ပါ။ ကျူပင်လုံးဆိုသည်မှာ တိုင်းတာရန်သုံးသော ပေတံတမျိုးကို ဆိုလိုပါသည်။ ၎င်းသည် တောင်ဝှေးကဲ့သို့ဖြစ်သည်ဆိုသောကြောင့် ဩဇာအာဏာနှင့်တန်ခိုးကိုလည်း ပုံဆောင်ပါသည်။ ယောဟန်ကို ဗိမ္မာန်တော်၊ ယဇ်ပလ္လင်နှင့် ဝတ်ပြုသူများတို့အား တိုင်းရန် ခိုင်းပါသည်။

– ဗိမ္မာန်တော်ဆိုသည်မှာ အတွင်းခန်းများကိုဆိုလိုသည်၊ သန့်ရှင်းရာအခန်း၊ အသန့်ရှင်းဆုံးအခန်းတို့ဖြစ်သည်။ အပြင်ခန်းတော့ မပါပါ။

– ယဇ်ပလ္လင်ဆိုသည်မှာ သန့်ရှင်းသောအခန်း၌ရှိသည့် အမွှေးနံ့သာများကို မီးရှို့သောနေရာဖြစ်ပါသည်။

– ဤနေရာတွင် သတိပြုရသည်မှာ ဝတ်ပြုသောသူများသည် ယဇ်ပုရောဟိတ်များကိုသာ ဝင်ခွင့်ပေးထားသော သန့်ရှင်းရာအခန်းတွင် ရှိနေကြသည်ကိုဖြစ်သည်။

၂။ ယောဟန်သည် ဗိမ္မာန်တော်တန်တိုင်းကို မတိုင်းရပါ၊ ထိုနေရာသည် ဟေရုဒ်မင်းကြီးပြန်ဆောက်သောဗိမ္မာန်တော်တွင် ၇၅၀ပေ ကျယ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏နိုင်ငံတော်တွင် အကျုံးမဝင်ဟု ပြောခြင်းဖြစ်သည်။ ဗိမ္မာန်တော်ပြင်ဖက်နေရာကို တပါးအမျိုးသားတို့ထံပေးထားပြီး၊ ထိုသူတို့က ထိုနေရာကို နင်းခြေကြမည်ဟု ပြောထားပြီးဖြစ်သည်။ နင်းခြေကြမည်ဆိုသည်မှာ စောက်ကားမည်ဟုဆိုလိုခြင်းဖြစ်သည် ညစ်ညူးစေမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထိုသို့ပြုကြမည့်ကြာချိန်မှာ ၄၂လ ဖြစ်ပါမည်။ ပုံဆောင်ချက်နံပတ်ဖြစ်သည်။ ရက်ပေါင်း ၁၂၆၀နှင့် အတူတူဖြစ်သည်။ ၃နှစ်ခွဲဖြစ်သည် (၁၂း၆)။ တကာလ၊ နှစ်ကာလ၊ ကာလတဝက်နှင့်အတူတူဖြစ်သည် (ဒံ ၇း၂၅)။

ထိုကာလက ယေဘုယျအားဖြင့် ဓမ္မသစ်ကာလတလျှောက်လုံးကိုဆိုလိုခြင်းဖြစ်သည်။ အသင်းတော်သည် အမြဲတမ်းသဲကန္တာရတွင်ရှိနေပြီး၊ အန္တိခရစ်သည် အမြဲတမ်း လောကကြီးထဲတွင် ရှိနေပါသည်။ ထို့ကြောင့် ဓမ္မသစ်ကာလတလျှောက်လုံးကို "နောက်ဆုံးသောနေ့ရက်များ"ဟုခေါ်ရခြင်းဖြစ်သည် (၁ယော ၂း၁၈)။

၄၂ ဆိုသည်မှာ ၆ (လူ၏နံပတ်)နှင့် ၇ မြှောက်ခြင်းဖြစ်သည်။ လူသားက ကမ္ဘာပေါ်တွင် နိုင်ငံတော်တခုတည်ထောင်ရန်ကြိုးစားသော်လည်း မအောင်မြင်နိုင်မှုကိုဖေါ်ပြခြင်းဖြစ်သည်။ သူသည် (၆) အထိသာရောက်နိုင်သည် (၇)ကိုမမှီနိုင်။ ၇ အမြှောက် ၇ သို့မရောက်နိုင်။

၃။ အချို့က ဤကျမ်းပိုဒ်သည် အေဒီ(၇၀)တွင် ပြည့်စုံသည်၊ ထိုနှစ်တွင် ဂျေရုဆလင်မြို့တော်ကို ရောမစစ်တပ်များက အပြီးအပိုင်ဖြိုဖျက်ပစ်သည်။ သို့သော် ထိုသို့ပြောခြင်း မမှန်ပါ၊ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဖြစ်သည်ဟု ကျမ်းပိုဒ်ကမပြောပါ၊ ဤကျမ်းပိုဒ်တွင်ပါသော ဝတ်ပြုသူများသည်၊ ဗိမ္မာန်တော်အတွင်းခန်းတွင် ရှိနေကြသည်၊ ဓမ္မဟောင်းကာလတွင် ထိုသို့လက်မခံပါ။ ထို့အပြင် ဤကျမ်းပိုဒ်က တပါးအမျိုးသားတို့က ပိုင်မည်ဟုသာပြောသည်၊ အားလုံး ဖြိုပစ်မည်ဟုမပြောပါ၊ အေဒီ(၇၀)တွင် လုံးဝဖျက်ဆီးခြင်းခံရသည်။ ထို့ကြောင့် အေဒီ(၇၀)တွင် အဖျက်ဆီးခံရခြင်းနှင့်ဤကျမ်းပိုဒ် မဆိုင်ပါ။

ဓမ္မသစ်ကျမ်းပိုဒ်တွင် အများအားဖြင့် ယေရုရှလင်၊ ဗိမ္မာန်တော် စသည့်စကားလုံးများက အသင်းတော်ကို ပြောပါသည်၊ ၁ကော ၃း၁၆၊ ၂ကော ၆း၁၆၊ ဧဖက် ၂း၂၀-၂၂၊ ဂလာ ၄း၂၅-၂၆၊ ဟေဗြဲ ၁၂း၂၂။ ထို့အပြင် ဗျာဒိတ်ကျမ်းတခုလုံးတွင်လည်း ယေရုရှလင်နှင့်ဗိမ္မာန်တော်ကို ပုံဆောင်ချက်အရသာသုံးထားပါသည်။ ထို့ကြောင့် ဤကျမ်းပိုဒ်က ပြေချင်သည်မှာ ကမ္ဘာလောကထဲတွင်ရှိနေသောအသင်းတော်ကိုဖြစ်သည်။ စစ်မှန်သောအသင်းတော် (ဗိမ္မာန်တော်ထဲရှိနေသည်)၊ မှားယွင်းသောအသင်းတော် (အပြင်ဖက်တွင်ရှိသည်)တို့ကို ကွဲပြားစွာသိစေချင်၍ဖြစ်သည်။ အမည်ခံခရစ်ယာန်အများစုသည် အန္တိခရစ်ထံ ကျဆုံးနေကြသော်လည်း၊ ခရစ်တော်သည် မိမိလူများကို သေချာစွာစောင့်ရှောက်ပါသည်ဆိုခြင်းကို ပြောပြနေခြင်းဖြစ်ပါသည်။

## အိမ်နီးချင်းကဲ့သို့ မေတ္တာထားခြင်း (ဒုတိယပိုင်း)
## Loving as Neighbour (Part 2)

### ကျွန်တော်တို့၏ အိမ်နီးချင်းကိုမေတ္တာထားခြင်း၌ပါဝင်သောအရာများ

“သင့်အိမ်နီးချင်းကို သင်ချစ်သလား?”-ဟူသည့် ပညတ်တော်၏ပြင်းပြစွာတောင်းဆိုချက်ကြီးနှင့်ထိပ်တိုက်ရင်ဆိုင်ကြရတော့သည်။

ဤမေးခွန်းကိုဘက်ပေါင်းစုံမှချိုင့်၍ ဆင်ခြင်သုံးသပ်ခြင်းအားဖြင့်(ထာဝရအသက်ပေးပိုင်ရှင်) ဘုရားသခင် ၏ စစ်မှန်သောချစ်ခြင်းမေတ္တာသည်လည်း ပို၍ပေါ်လွင်ထင်ရှားလာမည်ဖြစ်သည်။

သခင်ယေရှုက ကျွန်တော်တို့အိမ်နီးချင်းကိုမေတ္တာထားခြင်းသည် သနားဂရုဏာစိတ်မှမြစ်ဖျားခံလာခြင်းဖြစ်ကြောင်း ညွှန်ပြခဲ့သည်။ ရှမာရိလူသည် ဒဏ်ရာရနေသောသူကိုတွေ့လိုက်ရသောအခါ သနားဂရုဏာစိတ်၏လှုံ့ဆော်ခြင်းခံစားလိုက်ရသည်။

ဤအချက်သည် အလွန့်အလွန်အရေးကြီးလှသည်။ စစ်မှန်သောသနားဂရုဏာစိတ်သည် လူတဦး၏ဘဝထဲတွင် ခွန်အားကြီးသောစွမ်းအင်တရပ်ဖြစ်သည်။ သနားဂရုဏာစိတ်ဆိုသည်မှာ အတိအကျအဓိပ္ပါယ်ဖွင့်ရလျှင်-သူတပါးနှင့်အတူဒုက္ခဆင်းရဲခံခြင်းပင်ဖြစ်၏။ ဤစိတ်ထားက အကူအညီပေးလိုသောစိတ်မှလွဲ၍ ကျန်သောအတွေးများကိုလုံးဝဖယ်ရှားပစ်လိုက်တော့၏။ သနားဂရုဏာစိတ်သည် မိတ်ဆွေသောရန်သူသောမခွဲခြား၊ အန္တရာယ်ကိုလဲမတွေး၊ ဒုက္ခဆင်းရဲကိုလည်းမမှု၊ အလျှင်အမြန်လုပ်စရာများကိုလဲဦးစားမပေး-တော့ချေ။ အဘယ့်ကြောင့်ဆိုသော် သနားဂရုဏာစိတ်ရှိလာလျှင် မိမိကိုယ်ကိုလုံးလုံးကြီးမေ့လျော့၍ ဝေဒနာခံစားနေရသူ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်သာ စဉ်းစားနေသောကြောင့်ဖြစ်၏။ ဤသို့သောသနားဂရုဏာစိတ်သည် ချစ်ခြင်းမေတ္တာ၏စိမ့်ထွက်လာရာ အရင်းအမြစ်ပင်ဖြစ်၏။

ချစ်ခြင်းမေတ္တာသည် ပေးကမ်းခြင်းအားဖြင့်လည်း သူ့ကိုယ်သူဖော်ပြတတ်၏။ ပေးကမ်းခြင်းသည်အမြဲတမ်းပင် ချစ်ခြင်းမေတ္တာကိုအမြင့်မားဆုံးဖော်ပြခြင်းဖြစ်၏။ ဤအချက်သည်ဘုရားသခင်ထံ၌လည်းမှန်ကန်၏ “အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကမ္ဘာကြီးကိုအလွန်ချစ်မြတ်နိုးသောကြောင့် သူ၏ချစ်လှစွာသော၊ တပါးတည်းသောသားတော်ကိုပင်ပေးအပ်တော်မူခဲ့၏”(ယောဒ၃း၁၆)။ “ဤနေရာ၌ချစ်ခြင်းမေတ္တာရှိ၏၊ ငါတို့ကဘုရားသခင်ကိုချစ်သောကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်ကငါတို့အားချစ်တော်မူသောကြောင့် ငါတို့အပြစ်များအတွက်ကျေနပ်အောင်လုပ်ဆောင်ပေးရန် သူ၏သားတော်ကိုစေလွှတ်လိုက်၏”(၁ယော၄း၁၀)။ ကျွန်တော်တို့၏ချစ်ခြင်းမေတ္တာသည် အမြဲတမ်းပင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုရောင်ပြန်ဟပ်ခြင်းဖြစ်နေရမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏ချစ်ခြင်းမေတ္တာသည် ကျွန်တော်တို့အားချစ်သော ဘုရားသခင်၏မေတ္တာတော်၌အမြစ်တွယ်၍သာ ပေါ်ပေါက်လာနိုင်သောကြောင့်ဖြစ်၏။ ပညတ်တော်ကိုပြည့်စုံခြင်းသို့ရောက်စေသောမေတ္တာသည် အမြဲတမ်း ပေးကမ်းစွန့်ကြဲနေသော

မေတ္တာပင်ဖြစ်၏။ မေတ္တာသည်မိမိကိုယ်ကိုစွန့်ကြဲခြင်းဖြစ်၏၊ မိမိ၏သက်သာချောင်ချိရေး၊ မိမိ၏အချိန်၊ မိမိ၏သည်းခံစိတ်ရှည်ခြင်း–တို့ကိုစွန့်ကြဲခြင်းဖြစ်၏။ မေတ္တာသည် လိုအပ်သောအရာမှန်သမျှကို စွန့်ကြဲတတ်၏။

ရှမာရိလူသည် ယဇ်ပုရောဟိတ်မင်းနှင့် တန်းတူအခြေအနေမျိုးသို့ ရောက်ရှိသွားခြင်းဖြစ်၏။ သူသည်လည်း သူ့လုပ်ငန်း၏အရေးကြီးမှုအပေါ်တွင်၎င်း၊ သူ့အားနှောင့်နှေးအောင်လုပ်ခွင့်မရှိသူဖြစ်သည့် လမ်းပေါ်တွင်လဲနေသော ကံဆိုးသည့်ဂျူးတယောက်အပေါ်တွင်၎င်း၊ ငြင်းဆန်ပိုင်ခွင့်ရှိ၏။ မည်သို့ပင်ဖြစ်စေ ကမ္ဘာပေါ်တွင်ဂျူးတယောက်လျော့သွားလျှင်လည်း ပိုကောင်းသည်ဟုပြောနိုင်၏။ ချောင်းမြောင်းနေကြသည့်ဓါးပြများသည်သူ့ကိုလည်း အန္တရာယ်ပေးနိုင်သည်ဟုပြောနိုင်၏။ သို့သော် သနားဂရုဏာစိတ်သည် ထိုသို့လုံးဝမလုပ်ပါ။ သနားဂရုဏာစိတ်နှင့် ချစ်ခြင်းမေတ္တာသည် ထပ်တူညီလုနီးနီးဖြစ်ကြ၏။ ချစ်ခြင်းမေတ္တာရှိသူသည် သနားဂရုဏာစိတ် အမှန်တကယ်ရှိသူဖြစ်၏။ ထို့အတူ သနားဂရုဏာစိတ်ရှိသူသည်လည်း ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝနေ၏။ ချစ်ခြင်းမေတ္တာသည် ဘဝဒဏ်ရာဒဏ်ချက်များကိုပြန်ချုပ်ပေးခြင်း၊ နာကျင်မှုသက်သာစေခြင်း–ပြုတတ်၏။ မေတ္တာသည် လူတယောက်၏ကူညီနိုင်စွမ်းကုန်သွားသည်အထိ ကူညီတတ်၏။ မေတ္တာသည် မိမိကိုယ်ကိုမေ့လျော့ကာ သူတပါးအတွက်သာတွေးတတ်၏။

ဤမေတ္တာသည် ပညတ်တော်ကိုပြည့်စုံစေသောအရာဖြစ်၏။ ပညတ်တော်၏ တောင်းဆိုချက်၊ ညွှန်ကြားချက်အားလုံးကို "မေတ္တာ" ဟူသောစကားတခွန်းဖြင့် ပြည့်စုံအောင်လုပ်ဆောင်နိုင်၏။ မေတ္တာမရှိဘဲနှင့် ပညတ်တော် ၏တောင်းဆိုချက်တခုတလေကိုပင် စောင့်ထိန်းရန်မဖြစ်နိုင်ပါ။ ကျွန်တော်တို့သည် ဘုရားသခင်အားချစ်ခြင်းနှင့်ကျွန် တော်တို့အိမ်နီးချင်းကိုချစ်ခြင်းတို့အားဖြင့် ပညတ်တရားတော်များကိုနာခံ၍၊ ပြည့်စုံစေကြသည်။ ဤသို့ဆိုရာ၌ ဘု ရားသခင်အားချစ်မြတ်နိုးခြင်းသည် ပထမဆုံး၊ အရေးအကြီးဆုံးဖြစ်သည်။ ပညတ်တရားတော်၏တခုတည်းသော အ နှစ်ချုပ်အမိန့်တော်မှာ–(သင်၏ဘုရားသခင်ထာဝရဘုရားကို သင်၏စိတ်ထဲ၊နှလုံးထဲ၊ဝိညာဉ်ထဲ–မှသော်၎င်း၊ ခွန်အားရှိ သမျှဖြင့်သော်၎င်း၊ ချစ်မြတ်နိုးပါ)–ဟူ၍ဖြစ်သည်။ ဤသည်မှာပညတ်တော်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပညတ် တော်အတွက်အမိန့်တော်(၂)ခုရှိနေကြောင်း ဘယ်တော့မှအငြင်းပွားစရာမလိုပါ–(သင်၏ဘုရားသခင်အားချစ်ပါ၊ ထို့ အတူသင်၏အိမ်နီးချင်းကိုချစ်ပါ)–ဟူ၍ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏အိမ်နီးချင်းအပေါ် ပြသရ မည့်ကျွန်တော်တို့၏ချစ်ခြင်းမေတ္တာသည် ဘုရားသခင်အားချစ်ခြင်းမှ အမြစ်တွယ်လာသော ချစ်ခြင်းမေတ္တာဖြစ်ရမည် ဖြစ်သည်။ အကယ်၍ကျွန်တော်တို့သည်ဘုရားသခင် အားချစ်ပါလျှင်၊ ကျွန်တော်တို့၏အိမ်နီးချင်းကိုလဲချစ်လိမ့် မည်။ ကျွန်တော်တို့၏အိမ်နီးချင်းကိုမုန်းတီးနေရင်းနှင့် ဘုရားသခင်အားကျွန်တော်တို့မချစ်နိုင်ပါ။ ကျွန်တော်တို့အိမ်နီးချင်းကိုချစ်ခြင်းသည် ကျွန်တော်တို့၏နှလုံးသားထဲမှ ဘုရားသခင်အားချစ်သောမေတ္တာကို ထုတ်ဖေါ်ပြသလိုက်ခြင်းဖြစ်သည်။

မည်သူ့ကိုကျွန်တော်အိမ်နီးချင်းလုပ်ရမည်နည်း? မည်သူ့ကိုချစ်ဖို့ရန် ကျွန်တော့်ကိုအမိန့်ပေးထားသနည်း? ကျွန်တော်တို့အိမ်နီးချင်းကိုချစ်သောမေတ္တာအားဖြင့် ထုတ်ဖေါ်ပြသနေသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည်ထို ကျမ်းပိုဒ်ကပြောပြနေသောမေတ္တာပင်ဖြစ်သည်။ ဤချစ်ခြင်းမေတ္တာသည် သခင်ယေရှုခရစ်တော်၏အသင်းတော်အ တွင်းမှ သန့်ရှင်းသူများ၏အသိုင်းအဝိုင်းအတွင်းတွင် အကောင်းဆုံးအပြည့်ဝဆုံးအဆင့်အထိရောက်အောင်ပေါ်လွင် ထင်ရှားနေပါ၏။ ကျွန်တော်တို့၏လုပ်ဖေါ်ဆောင်ဖက်သန့်ရှင်းသူများသည် ကျွန်တော်တို့နှင့် အနီးကပ်ဆုံးသော အိမ်နီးချင်းများပင်ဖြစ်၏။ ထိုနေရာတွင် ချစ်ခြင်းမေတ္တာသည် ခရစ်ယာန်ပေါင်းသင်းဆက်ဆံခြင်း၏ နှောင်ကြိုးအ ဖြစ်ပြည့်စုံစွာထုတ်ဖေါ်ပြသလျက်ရှိ၏။ ထိုနေရာတွင်ချစ်ခြင်းမေတ္တာသည် ဆက်ကပ်ပူဇော်ခြင်းနှင့် မိမိကိုယ်ကိုစွန့်လွှတ်ခြင်း–အဖြစ်ပေါ်လွင်ထင်ရှားနေရှိ၏။ မိမိကိုယ်ကိုသော်၎င်း၊ မိမိ၏သက်သာချောင်ချိရေးနှင့်လိုအပ်ချက်များကိုသော်၎င်း၊မေ့လျော့လျက် ကျွန်တော်တို့နှင့်(ယုံကြည်ခြင်းအားဖြင့်) တလုံးတဝတည်းဖြစ်နေကြသောအိမ်နီးချင်းများ ကိုကျွန်တော်တို့ကူညီပေးကြသည်။ ထိုသူများကို ကျွန်တော်တို့က အဆုံးတိုင်အောင်ကူညီပေးကြပါ၏။

ဤမေတ္တာမျိုးသည်–လင်နှင့်မယားဆက်ဆံရေး၊ မိဘနှင့်သားသမီးဆက်ဆံရေး၊ မိတ်ဆွေများနှင့်လုပ်ဖေါ်ဆောင်ဖက်များဆက်ဆံရေး–တို့အထဲတွင် ပေါ်လွင်ထင်ရှားနေပါ၏။ ဖြစ်နိုင်ချေရှိသည်မှာ မည်သည့်အိမ်နီးချင်းကမှ လူတဦး၏အိမ်ထောင်ဖက်(သို့) သားသမီး–တို့ထက်ပို၍နီးစပ်ခြင်းမရှိနိုင်တော့တာလဲဖြစ်နိုင်၏။

မည်သူ့ကိုကျွန်တော်အိမ်နီးချင်းလုပ်ရမည်နည်း? သေချာတာကတော့ ကျွန်တော့်ဇနီး၊ ကျွန်မယောကျ်ား၊ ကျွန်တော်/ကျွန်မတို့၏သားသမီး–တို့ကိုအိမ်နီးချင်းလုပ်ရမည်ဖြစ်၏။

လူတို့သည် ဘာသာတရားကိုင်းရှိုင်းစွာဖြင့် သမုဒ္ဒရာတဖက်ကမ်းမှဆင်းရဲသားများအပေါ်ကြောင့်ကြပူပန်ကြောင်းပြောဆိုကြရင်းနှင့်မည်သည့်နည်းနှင့် သူတို့၏လင်သား၊သူတို့၏ဇနီးမယား–တို့နှင့်ကွာရှင်းပြတ်စဲနိုင်ကြ၊

သူတို့ ၏သားသမီးများကိုစွန့်ပစ်နိုင်ကြပါသနည်း? သူတို့သည် သူတို့ဘေးမှာရှိနေသောအိမ်နီးချင်းကိုမေတ္တာထားဖို့ငြင်းဆန် ကြရင်းနှင့် အခြားအိမ်နီးချင်းကို သူတို့ဘယ်လိုလုပ်သွားချစ်နိုင်ကြမည်နည်း? သူတို့၏လက်ထပ်မင်္ဂလာအားဖြင့်ချည် နှောင်ထုံးဖွဲ့ထားသော အနီးဆုံးလူကိုအိမ်နီးချင်းလုပ်ဖို့ငြင်းပယ်ကြသည်။ ထိုသို့လုပ်လိုက်သောကြောင့် သူတို့သည်သူ တို့၏ အတွေးထဲမှာသာရှိသည့် ဝေးလံနိမ့်ကျသည့်နေရာတခုမှ ဆင်းရဲသားတချို့နှင့်ချက်ချင်းကြီးအိမ်နီးချင်းဖြစ်သွား နိုင်ပါ့မလား?

သို့သော်လည်း မေးခွန်းနောက်တခုရှိနေပြန်သည်။ ကျွန်တော်သည် မည်သူ့အိမ်နီးချင်းဖြစ်နေသနည်း ? ကျွန်တော့်ကိုချစ်သောသူများကိုသာ ကျွန်တော်ပြန်ချစ်နေပါသလား? ဤသို့လုပ်ခြင်းသည် ကျွန်တော့်အတွက်ဘုရား ပေးတာဝန်ဖြစ်တာမှန်၏၊ သို့သော်ဤမျှနှင့်လုံလောက်ပြီလား ? ကျွန်တော့်အတွက်ဘုရားပေးတာဝန်သည် ကျွန် တော့်ကိုချစ်သောသူများကိုပြန်ချစ်လိုက်ခြင်းအားဖြင့်အစပျိုးပြီး၊ ထိုအထဲတွင်အဆုံးသတ်သွားပြီလား? အပြစ်သား များလဲထိုကဲ့သို့လုပ်နေကြသည်။ သခင်ယေရှုက သူ၏ တောင်ပေါ်ဒေသနာထဲတွင်–"သင်တို့သည် သင်တို့၏အိမ် နီးချင်းကိုချစ်ပါ၊ ထို့အတူသင်တို့၏ရန်သူကိုမုန်းပါ ဟူသောစကားကိုကြားပြီးခဲ့ကြပြီ။ သို့သော် သင်တို့အားငါပြော မည်– သင်တို့သည်ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဖ၏ သားသမီးများဖြစ်နိုင်ဖို့ရန် လုပ်ကြရမည်မှာ–သင်တို့ ၏ ရန်သူကိုချစ်ကြပါ၊ သင်တို့အားကျိန်ဆဲသောသူကို ကောင်းချီးပေးကြပါ၊ သင်တို့အားမုန်းတီးသူများအတွက် ကောင်းသောအမှုပြုကြပါ၊ ထို့အတူသင်တို့အားရှုံ့ချဘွယ်ကောင်းစွာအသုံးပြုသူ၊ နှိပ်စက်ညှဉ်းပန်းသူများအတွက်လဲ ဆုတောင်းပေးကြပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ကောင်းသောသူနှင့်ဆိုးသောသူအပေါ် သူ၏နေ ကိုထွက်စေသောကြောင့်၊ တရားသူနှင့်မတရားသူတို့အပေါ်သို့ သူ၏မိုးကိုရွာစေသောကြောင့်ဖြစ်သည်။ အဘယ့် ကြောင့်ဆိုသော် အကယ်၍သင်တို့သည်သင်တို့အားချစ်သောသူကိုသာပြန်ချစ်ကြပါလျှင် သင်တို့အဘယ်ဆုလဒ်ရနိုင် မည်နည်း? အခွန်ခံများပင်ထိုသို့လုပ်ကြသည်မဟုတ်လော? ထို့အတူ အကယ်၍သင်တို့၏ညီအကိုများကိုသာအ လေးပေးကြပါလျှင် သူများထက်ဘာများပိုလုပ်တာရှိနိုင်မည်နည်း ? အခွန်ခံများပင်ထိုသို့လုပ်ကြသည်မဟုတ်လော? ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဖသည် ပြည့်စုံတော်မူသည့်နည်းတူ သင်တို့လည်းပြည့်စုံခြင်း ရှိကြလော့"(မဿဲ ၅း၄၃–၄၈)–ဟူ၍သွန်သင်ပေးခဲ့၏။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာကျွန်တော်တို့နှလုံးသားကိုဖြည့်ဆည်း၍၊ ကျွန်တော်တို့ဝိညာဉ်ထဲတွင်ပြည့်လျှံ သွားပြီဆိုလျှင် ကျွန်တော်တို့၏လမ်းခရီးပေါ်ဖြတ်သန်းသွားသူတိုင်းနှင့် ကျွန်တော်တို့အကူအညီလိုအပ်နေသောသူ တိုင်းအပေါ်သို့ ထုတ်ဖော်ပြသသောချစ်ခြင်းမေတ္တာရရှိလာတော့၏။ ဘုရားသခင်၏လူများကိုမုန်းတီးရှုံ့ချကြသော သူများရှိနေပါသည်။ သူတို့သည်ဘုရားသခင်ကိုသော်၎င်း၊ သူ၏အမှုတော်မြတ်ကိုသော်၎င်း မုန်းတီးကြသည်။ သူတို့ သည်သန့်ရှင်းသူများအကြောင်းမဟုတ်တမ်းတရားစွပ်စွဲပြောဆိုလျက်၊ သခင်ယေရှုခရစ်တော်၏အသင်းတော်အပေါ် ဆိုးသွမ်းသောနည်းလမ်းအားလုံးသုံး၍တိုက်ခိုက်နေကြသည်။ သူတို့သည် ယုံကြည်ခြင်းမရှိသော၊ ဆိုးသွမ်းသောဘဝ များဖြင့်နေထိုင်ကြသည်။ သူတို့သည် ဘုရားသခင်၏အမိန့်တော်များကိုချိုးဖျက်ကြသည်။ သန့်ရှင်းမြင့်မြတ်သောအ ရာမှန်သမျှကိုရှုံ့မုန်းကြပြီး၊ အနန္တတန်ခိုးရှင်၏နှုတ်ကပတ်တော်များကိုခြေအောက်မှာနင်းခြေကြသည်။ ထိုသူများကို လဲကျွန်တော်အိမ်နီးချင်းလုပ်ရမည်လော?

ဘုရားသခင်၏လူများသည် ဘုရားသခင်အားမုန်းတီးသောသူများကိုမုန်းတီးဖို့ရန်တာဝန်ရှိကြောင်းမှန်ကန်ပါ သည်။ ဒေးဗစ်ဘုရင်က–"အိုအရှင်ဘုရား၊ ကိုယ်တော့်ကိုမုန်းသောသူများကို အကျွန်ုပ်မုန်းပါသည်မဟုတ်လော? ကိုယ်တော့်ကိုဆန့်ကျင်၍ ထောင်ထားခြားနားသောသူများကြောင့် အကျွန်ုပ်စိတ်ထိခိုက်ရသည်မဟုတ်လော?" (ဆာလံ ၁၃၉း၂၁)–ဟူ၍စပ်ဆိုခဲ့၏။ ဤအရာသည် ဘုရားသခင်၏ လူများအတွက်တာဝန်ပင်ဖြစ်သည်၊ အဘယ့် ကြောင့်ဆိုသော် ဘုရားသခင်အားမုန်းတီးသူများကို ဘုရားသခင်၏ သားသမီးများကချစ်ကြဖို့ရန်လုံးဝမဖြစ်နိုင်ပါ။ ဘု ရားသခင်အားမုန်းတီးကြသူများ၏မုန်းတီးစိတ်ကို ထုတ်ဖော်ပြသနိုင်ဖို့အတွက် သူတို့ကိုကျွန်တော်တို့၏အသိုင်းအ ဝိုင်းအတွင်းမှနေ၍ ဖယ်ထုတ်ထားကြရပါမည်။ ထိုသူများနှင့်ကျွန်တော်တို့ပေါင်းသင်းဆက်ဆံ၍မဖြစ်ပါ။ ကျွန်တော် တို့သည် သူတို့အပြစ်များကိုရှုံ့ချပြစ်တင်၍ သူတို့အားဖြောင့်မတ်ခြင်းလမ်းကိုညွှန်ပြကြရမည်။ ကျွန်တော်တို့အိမ်ထဲ သို့သူတို့ကိုအလည်ခေါ်ခြင်း၊ သူတို့ထံသို့အလည်အပတ်သွားခြင်း–စသည်တို့မလုပ်ရ။ ချစ်ခြင်းမေတ္တာ၏ပြည့်ဝစုံလင် သောပေါင်းသင်းဆက်ဆံရေးသည် ဘုရားသခင်နှင့်စာတန်မာရ်နတ်တို့အကြားမှာသော်၎င်း၊ ဘုရားသခင်၏လူများ နှင့်လောကီသားများအကြားမှာသော်၎င်း၊ မပေါ်ပေါက်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် အလင်းသည်အမှောင်နှင့်

မည်သို့ပေါင်းဖက်နိုင်မည်နည်း၊ ထို့အတူခရစ်တော်နှင့် ဗေလီယံ(စာတန်)တို့မည်သို့ညီညွတ်နိုင်မည်နည်း–(၂ကောဖ်း ၁၄–၁၈)။ အမှန်စင်စစ်ဘုရားသခင်အားချစ်မြတ်နိုးပါမည်ဟု ဝန်ခံကတိပြုပြီးသော်လည်း လောကကိုဆက်ချစ်နေသော၊ လောကနှင့်ပေါင်းသင်းဆက်ဆံနိုင်ဖို့ကြိုးစားအားထုတ်နေသော–သူတဦးသည် ဘုရားသခင်အားလုံးဝမချစ်ပါဟုထင်ရှားစွာပြသနေခြင်းပင်ဖြစ်၏။ တမန်တော်ကြီးရှင်ပေါလုက (၁ယော ၂း၁၅)တွင်–"လောကကိုမချစ်ကြနှင့်၊လောကထဲမှအရာများကိုလဲမချစ်ကြနှင့်။ အကယ်၍တစုံတဦးကလောကကိုချစ်လျှင် ထိုသူ၌ခမည်းတော်အားချစ်သော မေတ္တာမရှိသောကြောင့်ဖြစ်သည်"–ဟု ရေးသားထားခဲ့သည်။ ကောင်းသောဘုရင်'ယေဟောရှဖတ်'သည် အစ္စရေးဘုရင်ဆိုး'အာဟတ်'နှင့်ပေါင်းဖေါ်နေသောကြောင့် ပြင်းထန်စွာသတိအပေးခံရပြီး၊ ဘုရားသခင်၏အမျက်တော်အောက်ကျရောက်ခဲ့ရသည်။ –ဟာနနိ၏သားပရောဖက်ယေဟုသည်၊ ယေဟောရှဖတ်မင်းကြီးကိုခရီးဦးကြိုပြုအံ့သောငှါ ထွက်သွား၍၊ "မင်းကြီးသည်ဘုရားမဲ့သောသူတို့ကို အကူအညီပေးသင့်သလော? ထာဝရဘုရားကိုမုန်းသော သူတို့ကိုချစ်သင့်သလော? ယခုပြုသောအမှုကြောင့်၊ ဘုရားသခင်၏ရှေ့တော်မှအမျက်တော်သည် မင်းကြီးအပေါ်သို့ သက်ရောက်လေပြီ"–ဟုပြောကြားလိုက်၏။(၆ရာ ၁၉း၂)

သို့သော်ဤအချက်က ပုံဥပမာ၏အမှန်တရားကို မပြောင်းလဲစေပါ။ ကျွန်တော်တို့သည် ဘုရားသခင်အားမုန်းတီးသူများကို မုန်းတီးကြရမည်မှန်သော်လည်း၊ ဤသို့မုန်းတီးခြင်းသည် အမှန်စင်စစ် ချစ်ခြင်းမေတ္တာကိုဖေါ်ထုတ်ပြသခြင်းတမျိုးပင်ဖြစ်၏။ ဘုရားသခင်သည် သူ့ကိုယ်သူချစ်၏။ ထို့အတူ ဤသို့သူ့ကိုယ်သူချစ်ခြင်းမှနေ၍ ဆိုးညစ်သော၊ မတရားသောသူအားလုံးကိုမုန်းတီး၏။ အကယ်၍သာဘုရားသခင်သည်သူ့ကိုယ်သူငြင်းပယ်လျက် သူ့ကိုမုန်းသောသူများကိုချစ်ခဲ့ပါလျှင် ဘုရားသခင်သည်သူ့ကိုယ်သူဆက်ချစ်နိုင်တော့မည်မဟုတ်ပါ။ နှုတ်ကပတ်တော်သည် ဘုရားသခင်၏စကြာဝဠာလုံးဆိုင်ရာမေတ္တာဆိုသည်မျိုးကိုမသိပါ။ ထို့ကြောင့် ခရစ်ယာန်များအတွက်လဲ ထိုနည်း၄င်းပင်ဖြစ်၏။ ဘုရားသခင်အားချစ်သောခရစ်ယာန်သည် လောကကိုမုန်း၏။ ထို့အတူ ဘုရားသခင်၏ချစ်ခြင်းမေတ္တာက သူ့အထဲ၌လောကကိုမုန်းတီးခြင်းနှင့်ဖြည့်တင်းပေးလိုက်တော့၏။

မည်သို့ပင်ဖြစ်စေ သူသည်တချိန်ထဲမှာချစ်ခြင်းမေတ္တာရှိနေရမည်။ သူသည် သူ့ကိုမုန်းတီးသူများ၊ သူ့ကိုစက်ဆုပ်ရွံရှာဖွယ်အသုံးချသူများကို ချစ်မေတ္တာထားသည်။ သူသည်ထိုသူများကို ပြည့်ဝစုံလင်သောမိဿဟာယချစ်ခြင်းမေတ္တာမျိုးဖြင့်ချစ်ခြင်းမဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ပြုရန်သူ၏တာဝန်မဟုတ်။ သို့သော် ထိုသူတို့ဒုက္ခဆင်းရဲကြုံတွေ့နေချိန်မျိုးမှာ သူကသူတို့အပေါ်သနားကြင်နာမှုပြခြင်းအားဖြင့် ဘုရားသခင်၏မေတ္တာတော်ကိုထုတ်ဖေါ်ပြသသည်။ သူသည်သူတို့၏ဒုက္ခဆင်းရဲခံစားရပုံကြောင့်နှိုးဆော်ခြင်းခံစားရ၏။ သူက–သင်တို့သည်မိတ်ဆွေလော၊ရန်သူလော? သင်တို့သည်ခရစ်ယာန်လော၊မယုံကြည်သူလော? သင်တို့သည် အမှန်တရားကိုငြင်းပယ်သလော၊ ဝန်ခံသလော?–ဟူ၍(အကူအညီမပေးမီတွင်)မေးစမ်းမနေပါ။ ထို့အတူ အထက်ပါမေးခွန်းများမှရရှိလာသောအဖြေအပေါ်မူတည်၍ ထိုသူသည်သူ၏အိမ်နီးချင်းဟုတ်မဟုတ်ဆုံးဖြတ်ခြင်းမပြုပါ။ ဤအချက်သည် ဤပုံဥပမာတခုလုံး၏ အဓိကအကျဆုံးအချက်ဖြစ်၏။ ကျွန်တော့်အိမ်နီးချင်းမည်သူနည်း?–မဟုတ်ဘဲ၊ ကျွန်တော်မည်သူနှင့် အိမ်နီးချင်းဖြစ်နေသနည်း?–ဟု မေးခွန်းထုတ်ရမည်ဖြစ်၏။

ခရစ်ယာန်တဦးသည် လိုအပ်ချက်ရှိနေသူများ၏အိမ်နီးချင်းဖြစ်၏။ ထို့အတူ သူသည်မေးခွန်းအရင်ထုတ်ခြင်း၊ သူ့ကိုယ်သူမှန်ကန်ကြောင်းဆင်ခြေတက်ခြင်း–များမလုပ်ဘဲနှင့် ဘုရားသခင်၏မေတ္တာတော်ကိုထုတ်ဖေါ်ပြသလေ့ရှိ၏။ သူသည်သူ့ကိုယ်သူလုံးလုံးလျားလျားမေ့လျော့လျက်နှင့် ဒုက္ခဝေဒနာခံစားနေရသူတဦးကိုကယ်တင်လိုက် ၏။ သူကထိုသူ၏ဒဏ်ရာများကိုပတ်တီးစည်းပေးလျက်၊ နာကျင်မှုဝေဒနာလျော့ပါးအောင်ပြုစုပေးခဲ့၏။ သူသည်ထို သူ၏နာကျင်မှုကြောင့် သနားကြင်နာစိတ်ပြည့်လျှံလာပြီး ထိုသူကိုတတ်စွမ်း သမျှအကူအညီပေးခဲ့၏။ သူသည် သူ၏ နှလုံးသားနှင့် အသက်တာထဲတွင် တောက်ပစွာထွန်းလင်းနေသော ဘုရားသခင်၏မေတ္တာတော်ကို ဤသို့သော နည်းလမ်းအားဖြင့်ထုတ်ဖေါ်ပြသလိုက်ခြင်းဖြစ်၏။

အဓိကအကျဆုံးမှာ ခရစ်ယာန်တဦးသည်(သူ၏အိမ်နီးချင်း၏ကယ်တင်ခြင်းခံစားနိုင်ဖို့ရှာကြံနေရင်းနှင့်)ချစ်ခြင်းမေတ္တာပြသခြင်းဖြစ်ရမည်။ ဤအချက်သည် အစစ်မှန်ဆုံး၊ အမြင့်မားဆုံးနည်းဖြင့်မေတ္တာတရားပေါ်လွင်ထင်ရှားစေခြင်းဖြစ်၏။ ဘုရားသခင်သည်သူ၏လူများကိုချစ်မြတ်နိုးသည်၊ ထို့အတူ သူတို့၏ကယ်တင်ခြင်းကိုထမြောက်အောင်မြင်သွားစေရန်သူ၏သားတော်ကိုစေလွှတ်ပေးခြင်းဖြင့် သူ၏ချစ်ခြင်းမေတ္တာကို ထုတ်ဖေါ်ပြသခဲ့၏။ ဘုရားသခင်လုပ်ဆောင်သမျှအရာအားလုံးတွင် သူ၏သားသမီးများကယ်တင်ခြင်းခံစားနိုင်ဖို့အရေးရှာကြံနေမြဲဖြစ်၏။

ထိုနည်းတူစွာပင် ကျွန်တော်တို့သည်လဲ ကျွန်တော်တို့၏လုပ်ဖေါ်ဆောင်ဖက်များ၏ကယ်တင်ခြင်းခံစားနိုင်ရေးရှာကြံလုပ်ဆောင်ကြဖို့တာဝန်ရှိနေကြပါသည်။ ဤအဆင့်သည်ချစ်ခြင်းမေတ္တာ၏အကြီးမြတ်ဆုံးအဆင့်ဖြစ်၏။

ကျွန်တော်တို့သည် မည်သူရွေးကောက်ခြင်းခံရမည်/မည်သူမခံရမည်–ကို ဘုရားသခင်ကဲ့သို့မသိနိုင်ကြပါ။ ထို့ကြောင့်ပင် ကျွန်တော်တို့သည် ကျွန်တော်တို့၏အိမ်နီးချင်းများကိုချစ်ကြဖို့ ဘုရားသခင်ကခေါ်တော်မူထားခြင်းဖြစ်၏။ ထိုမေတ္တာသည် ကျွန်တော်တို့၏အိမ်နီးချင်းအတွက် ကျွန်တော်တို့တတ်နိုင်သမျှအကူအညီပေးခြင်းများ၊ သူ့အတွက်ဆုတောင်းပေးခြင်းများ၊ သူ့အတွက်ကောင်းသောအရာများရရှိဖို့ရှာဖွေခြင်းများ–အထဲတွင် ပေါ်လွင်ထင်ရှားလျက်ရှိနေရမည်။ သို့သော်လည်း ထိုအမှုအရာအားလုံးသည် ထိုအိမ်နီးချင်းထံသို့ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏တောင်းဆိုချက်များကိုယူဆောင်ပေးခြင်း၊ သူ့အပြစ်အတွက်နောင်တရဖို့နှင့်သခင်ခရစ်တော်အားယုံကြည်ဖို့အရေးကြီးလှကြောင်းသိစေခြင်း၊–များမလုပ်ဆောင်ပေးနိုင်သ၍ ဘာမှအကျိုးမရှိပါ။

အကယ်၍ဘုရားသခင်က ထိုသူကိုကယ်တင်ဖို့ရန် ကျွန်တော်တို့၏သက်သေခံခြင်းကို အသုံးပြုဖို့ သဘောတွေ့ခဲ့ပါလျှင် အသင်းတော်အတွင်း မိဿဟာယပြုခြင်းအတွင်း၌ ချစ်ခြင်းမေတ္တာသည် အပြည့်ဝဆုံး ပေါ်ထွက်ပြသခြင်းရှိလာမည်ဖြစ်၏။ ထိုသို့သောမေတ္တာသည် ပညတ်တော်၏ပြည့်စုံခြင်းပင်ဖြစ်၏။ ဤအမှုအရာသည် ကောင်းကင်နိုင်ငံတော်၏နိုင်ငံသားများ၏အသက်တာပင်ဖြစ်၏။

ကျွန်တော်တို့၏အိမ်နီးချင်းကို (နိုင်ငံတော်၏အခြေခံကိုယ်ကျင့်တရားတခုအဖြစ်) မေတ္တာထားခြင်း

ဤနေရာတွင် ကျွန်တော်တို့ရှင်းလင်းစွာနားလည်ထားကြရမည်မှာ ချစ်ခြင်းမေတ္တာသည်ကျွန်တော်တို့ထုတ်ပေါ်သောအရာမဟုတ် ဟူသောအချက်ဖြစ်၏။ ကျွန်တော်တို့သည် ကျဆုံးပြီးသားလူသားများပီပီ မုန်းတီးခြင်းသည် မွေးရာပါဖြစ်၏။ ကျွန်တော်တို့ဘုရားသခင်အားမုန်းတီးကြ၏၊ ထို့အတူ ကျွန်တော်တို့အိမ်နီးချင်းကိုလဲမုန်းတီးကြ၏။ အကယ်၍ ချစ်ခြင်းမေတ္တာသည် ပညတ်တရားတော်ပြည့်စုံစေဖို့မရှိမဖြစ်သောအရည်အချင်းတခုဖြစ်ပါလျှင် မုန်းတီးခြင်းသည် ပညတ်တရားတော်အားချိုးဖေါက်ခြင်း ဖြစ်ကိုဖြစ်ရပေမည်။ အပြစ်တရားထဲမှာပျောက်ဆုံး၍ မွေးရာပါပျက်စီးယိုယွင်းနေကြသော ကျွန်တော်တို့သည်မုန်းတီးဖို့သာတတ်စွမ်းနိုင်ကြတော့၏။

ကျွန်တော်တို့အိမ်နီးချင်းအားမုန်းတီးခြင်းသည် အမှန်စင်စစ်ကိုယ့်ကိုကိုယ်ချစ်ခြင်းပင်ဖြစ်၏။ ကျွန်တော်တို့မိမိကိုယ်ကိုချစ်နေကြချိန်မှာ ကျွန်တော်တို့ဇနီးများကိုမချစ်ကြတော့ဘဲ “ကျွန်တော့်ဇနီးသည်ကကျွန်တော့်ကိုမည်သို့အလုပ်အကျွေးပြုနိုင်မည်နည်း?”ဟူသောမေးခွန်းတွင်သာပို၍စိတ်ဝင်စားနေကြတော့သည်။ အမှန်တကယ်မေးရမည့်မေးခွန်းမှာ “ကျွန်တော့်ဇနီးသည်ကို ကျွန်တော်မည်ကဲ့သို့ ကူညီနိုင်မည်နည်း?”ဟူ၍သာဖြစ်၏။ ကျွန်တော်တို့ကို အသည်းအသန်လိုအပ်နေကြသော ကျွန်တော်တို့၏သားသမီးများကို စွန့်ခွာသွားဖို့အသင့်ဖြစ်နေကြချိန်သည် ကျွန်တော်တို့၏(အတ္တသက်သက်လိုအင်ဆန္ဒများနှင့် မိမိကိုယ်ကိုယ်ကျေနပ်မှုပေးချင်စိတ်များသာပြည့်နေသည့်) ကိုယ့်ကိုကိုယ်ချစ်သောစိတ် ဖုံးလွှမ်းသွားချိန်ပင်ဖြစ်သည်။

ကျွန်တော်တို့အသက်ရှင်နေသောမျက်မှောက်ခေတ်သည်–မိမိကိုယ်ကိုစိတ်ကျေနပ်မှုရှိရေး၊ မိမိကိုယ်ကိုပြည့်စုံမှုရှိရေး၊ မိမိကိုယ်ကိုသာအဓိကထားရေး–ခေတ်ဖြစ်နေသည်။ “အရင်ဆုံးငါ့အတွက်၊နောက်ဆုံးကျန်တာနတ်ဆိုးအတွက်”(အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား)–သည် ကျွန်တော်တို့ခေတ်၏ လက်သုံးစကား ဖြစ်နေသည်။ ကောင်းကင်နိုင်ငံတော်၏ပညတ်တော်နှင့် မည်မျှလုံးလုံးလျားလျားကွာခြားနေပါသနည်း!

ဤသို့သောအခြေအနေများရှိနေသောကြောင့် သခင်ယေရှုသွန်သင်ပေးနေသောပုံဥပမာသည် လူသားအချင်းချင်းစာနာထောက်ထားခြင်းအတွက်သင်ခန်းစာတခုမျှသာမဟုတ်တော့ပါ။ ဤသို့ဖြစ်သည်ဟုခံယူကြသူအများရှိနေကြသည်။ သူတို့သည်သခင်ယေရှု၏ကိုယ်ကျင့်တရားဆိုင်ရာသင်ခန်းစာများကိုဖတ်ရှု၍ သခင်ယေရှု၏သွန်သင်ချက်များ၏ ရှင်းလင်းပြတ်သားလှပုံများကြောင့် အထင်ကြီးလေးစားနေတတ်ကြသည်။ သူတို့၏တွေးခေါ်ပုံနည်းလမ်းအရ ထိုပုံဥပမာများထဲမှ ကိုယ်ကျင့်တရားဆိုင်ရာသွန်သင်ချက်သက်သက်ကိုယူ၍ လူမှုရေးသတင်းကောင်းအတွက်အခြေခံနည်းလမ်းအဖြစ်အသုံးပြုတတ်ကြသည်။ ဆင်းရဲသူကိုပေးကမ်း၊ ဒုက္ခရောက်သူကိုကူညီ၊ သေခါနီးသူများကိုနှစ်သိမ့်၊ ထိုသို့အားဖြင့် ကောင်းကင်ဘုံသည်သင်တို့အတွက်ဖြစ်လိမ့်မည်–ဟုဆိုလေ့ရှိကြသည်။ သို့သော် ဤသင်ခန်းစာများသည် သာမန်လူမှုရေးဆိုင်ရာအထူးသင်ခန်းစာမျှသာမဟုတ်ကြောင်းကို သိနိုင်စွမ်းမရှိကြချေ။ ဤသင်ခန်းစာများသည် ကောင်းကင်နိုင်ငံတော်၏အခြေခံကိုယ်ကျင့်တရားများဖြစ်သည်။ ကျွန်တော်တို့၏လက်တွေ့ပေါ်များကိုချစ်သောမေတ္တာသည် ဘုရားသခင်အားချစ်သောမေတ္တာထဲတွင် အမြစ်တွယ်လာခြင်း ဖြစ်ကိုဖြစ်ရမည်။ အကယ်၍ ကျွန်တော်တို့သည် အကူအညီလိုနေသူများကို ကျွန်တော်တို့အပိုင်းမှစွန့်လှူပူဇော်မှု နည်းနည်းမှမပါဘဲကူညီခဲ့ပါလျှင်၊ အကယ်၍ ကျွန်တော်တို့သည် လူတို့၏ချီးမြှောက်ခြင်းအကျိုးအမြတ်များကိုရိတ်သိမ်းလို၍ ချစ်မေတ္တာထားခြင်းဖြစ်ခဲ့ပါလျှင်၊ ကျွန်တော်တို့သည် အပြစ်တရားလမ်းပေါ်လျှောက်လှမ်းနေကြဆဲဖြစ်၏။

တကယ်တမ်းကျတော့လည်း ကျမ်းတတ်ဆရာ၏မေးခွန်းသည်–"ကျွန်တော် ထာဝရအသက်ကိုအမွေဆက်ခံနိုင်ဖို့ဘာလုပ်ရမည်နည်း?"–ဟူ၍ဖြစ်သည်။

ဘုရားသခင်သည်သူ့လူများကို ထာဝရချစ်ခြင်းမေတ္တာဖြင့်ချစ်တော်မူခြင်းဖြစ်၏။ ကျွန်တော်တို့အပြစ်သားဘဝမှာရှိနေကြဆဲတွင်ပင် ဘုရားသခင်သည်သူ၏တပါးတည်းသောသားတော်ကို (ခါးသည်းစွာအရှက်ရစွာသေရခြင်းဖြစ်သည့်)လက်ဝါးကပ်တိုင်ပေါ်မှာအသေခံဖို့ရာစေလွှတ်လိုက်ခြင်းဖြင့် ကျွန်တော်တို့အပေါ်ထားရှိသောသူ၏မေတ္တာကိုထင်ရှားစွာပြသခဲ့၏။ ထိုသို့အားဖြင့် သခင်ခရစ်တော်သည် ကျွန်တော်တို့ကိုယ်စားအပြစ်ပေးခြင်းခံရသူ ဖြစ်လာသောအခါတွင်၊ ကျွန်တော်တို့အား သူ၏အဖိုးတန်အသွေးတော်ဖြင့်ဖုံးလွှမ်းသွားစေဖို့ဖြစ်တော့သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ကျွန်တော်တို့အပေါ်သို့ပေးအပ်ထားသောကောင်းချီးမင်္ဂလာအားလုံးစီးဆင်းလာရာ (ထာဝရမပြောင်းလဲသော)စမ်းရေပေါက်ပင်ဖြစ်၏။ သူ၏လူများက သူ့ကိုမုန်းတီးနေကြစဉ်မှာပင် ချစ်တော်မူ၏။ သူတို့၏နှလုံးသားထဲတွင် မေတ္တာတရားလုံးဝမရှိသောအချိန်မှာပင် သူတို့ကိုချစ်တော်မူ၏။ ဘုရားသခင်ကသူတို့ကိုချစ်တော်မူသည် အဘယ့်ကြောင့်ဆိုသော် သူ့ကိုယ်သူချစ်တော်မူသောကြောင့်ဖြစ်၏။ ဘုရားသခင်သည် သူ၏နာမတော်အဖို့အလို့ငှာ သူ့လူများကိုချစ်တော်မူ၏။ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်မှတဆင့် သူတို့ကိုချစ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်မှအသွေးတော်ထဲတွင် သူတို့၏အပြစ်အားလုံးကိုဖယ်ရှားပေးလိုက်ပြီဖြစ်သောကြောင့်ဖြစ်၏။

ဘုရားသခင်၏သားတော်ရင်းကိုပေးအပ်လိုက်ခြင်းသည် သူ၏မေတ္တာတော်ကိုအကြီးမြတ်ဆုံးထုတ်ပေါ်ပြသလိုက်ခြင်းပင်ဖြစ်၏။ ဘုရားသခင်သည်သူ၏လူများကိုချစ်လွန်းအားကြီးသောကြောင့် သူသည်းလိုက်အူလိုက်ချစ်မြတ်နိုးရသောသားတော်ရင်းကိုစွန့်လွှတ်ရခြင်းသည်ပင်လျှင် ကျွန်တော်တို့အားကယ်တင်နိုင်ဖို့အတွက် တန်ဖိုးကြီးလွန်းသည်ဟုမထင်တော့ပါ။ ဘုရားသခင်၏မေတ္တာတော်သည် သခင်ယေရှုထံမှတဆင့်သာလျှင် သူ့လူများထံသို့ရောက်ရှိနိုင်၏။

ဤအကြောင်းကို နောက်တနည်းဖြင့်ပြောပြရမည်ဆိုလျှင် ကျွန်တော်တို့တတွေချစ်ခြင်းမေတ္တာ၏ပညတ်ချက်များကို မစောင့်ထိန်းနိုင်သောအချိန်များတွင် သခင်ခရစ်တော်ကကျွန်တော်တို့အတွက်စောင့်ထိန်းပေးသည်–ဟူ၍ဖြစ်၏။ သူသည်ဘုရားသခင်အားပြည့်စုံလွန်းစွာချစ်မြတ်နိုး၏။ သူသည်ဘုရားသခင်အားသူ၏အသက်တာတလျှောက်လုံး၌ချစ်မြတ်နိုးခြင်းဖြစ်၏၊ ထို့မျှမက သူ့အားလက်ဝါးကပ်တိုင်ပေါ်တင်၍ ဘုရားသခင်၏ဒေါသလှိုင်းလုံးကြီးများကသူ့ကိုနစ်မွန်းသွားစေသောအချိန်တွင်လည်း ဘုရားသခင်အားချစ်နေမြဲဖြစ်၏။ သူသည်ဘုရားသခင်အားအဆုံးတိုင်အောင်ချစ်မြတ်နိုးနေ၏။ သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် သူ့ကိုဖျက်ဆီးပစ်လိုက်သည့် ဘုရားသခင်၏အမျက်ဒေါသသက်သက်ကိုသာခံစားနေရချိန်မှာလဲ ဘုရားသခင်အားချစ်နေမြဲဖြစ်၏။ သူ၏ဒုက္ခဝေဒနာခံစားရမှုပြင်းထန်လွန်း၍ ဘယ့်အတွက်ကြောင့်ဤသို့ဝေဒနာပြင်းထန်ရကြောင်း နားမလည်နိုင်တော့သောအချိန်မှာလဲ ဘုရားသခင်အားချစ်နေမြဲဖြစ်၏။ ကြောက်မက်ဖွယ်ရာကောင်းသော–"ကိုယ်တော်အဘယ့်ကြောင့်အကျွန်ုပ်အားစွန့်ပစ်ရသနည်း?"–ဟူသောအော်ဟစ်သံသည် သူ၏နှိပ်စက်ခံဝိညာဉ်၏ အနက်ရှိုင်းဆုံးနေရာမှ ပေါ်ထွက်လာခြင်းဖြစ်၏။ သို့သော်ထိုကဲ့သို့သောအခြေအနေတွင်လည်း သူ၏ဘုရားသခင်အားချစ်နေမြဲဖြစ်၏–"အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ် အဘယ့်ကြောင့် ဤမျှလောက်ဒုက္ခဝေဒနာ ခံစားနေရကြောင်းမသိပါ၊ သို့သော်လည်း ကိုယ်တော်ကိုအကျွန်ုပ် ချစ်နေမြဲဖြစ်ပါ၏"

ထို့ကြောင့် ဘုရားသခင်သည် သူ့လူများကိုချစ်တော်မူပါ၏။ တမန်တော်ရှင်ယောဟန်သည် သူ၏ကိုယ်ပိုင်သီးသန့်ရေးဟန်ဖြင့်–"ယခု ပသခါပွဲမတိုင်မီတွင် သခင်ယေရှုက ဤလောကကိုစွန့်ခွာ၍ခမည်းတော်ထံသို့ပြန်သွားရမည့် သူ၏အချိန်ကျရောက်လာပြီဖြစ်ကြောင်းသိပြီးဖြစ်သောကြောင့် ဤလောကတွင်ရှိသောသူ၏လူများကိုချစ်လက်စရှိသည့်အတိုင်း သူတို့ကိုအဆုံးတိုင်အောင်ချစ်တော်မူလေ၏"–ဟုရေးသားထား၏ (ယော ၁၃း၁)။ သခင်ခရစ်တော်သည် ချစ်ခြင်းမေတ္တာပညတ်တော်ကို ကျွန်တော်တို့နှင့်သူရွေးကောက်ထားသောသူများအားလုံးအတွက် ပြည့်စုံစေလိုက်ရုံမျှမကဘဲ သူ၏မေတ္တာတော်ကိုကျွန်တော်တို့၏နှလုံးသားအတွင်းသို့သွန်းလောင်းပေးလိုက်ပါသေးသည်။ သူသည်ဘုရားသခင်၏ မေတ္တာတော်ကို ကျွန်တော်တို့အထဲတွင်ကျယ်ပြန့်စွာပျံ့နှံ့သွားစေလိုက်ပါသည်။

ဤကဲ့သို့ဖြစ်သောကြောင့်သာကျွန်တော်တို့ချစ်မေတ္တာထားနိုင်ကြခြင်းဖြစ်၏။ သခင်ခရစ်တော်က ချစ်ခြင်းမေတ္တာ၏ပညတ်ချက်များကို ကျွန်တော်တို့အထဲတွင်ပြည့်စုံစေလိုက်သည်၊ ထို့ကြောင့်ကျွန်တော်တို့သည် ဘုရားသခင် ၏မေတ္တာစမ်းချောင်းထဲတွင်ဖမ်းမိရက်သားဖြစ်သွားကြပါသည်။ ကျွန်တော်တို့၏နှလုံးသားများသည် မုန်းတီးခြင်းမှ နေ၍ဘုရားသခင်၏ချစ်ခြင်းမေတ္တာဆီသို့ဦးလှည့်သွား၏။ ကျွန်တော်တို့ဘုရားသခင်ကိုချစ်ကြသည်၊ အဘယ့်ကြောင့် ဆိုသော် ဘုရားသခင်ကျွန်တော်တို့ကိုအရင်ချစ်သောကြောင့်ဖြစ်သည်။ ထို့အတူ ကျွန်တော်တို့သည်

ဘုရားသခင်ကို ချစ်ကြရာ၌ကျွန်တော်တို့အတွက်သခင်ခရစ်တော်အတွင်း၌သို့မှီးထားသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတန်ခိုး ဖြင့်ချစ်နိုင်ကြခြင်းဖြစ်သည်

ထိုမေတ္တာတော်၏တန်ခိုးကြောင့် ကျွန်တော်တို့ထာဝရအသက်ရရှိကြခြင်းဖြစ်၏။ မှန်လှပေ၏၊ ကျွန်တော်တို့သည် လက်ဝါးကပ်တိုင်အားဖြင့် ဤမေတ္တာတော်နှင့်ထိုက်တန်သူဖြစ်ခွင့်ခံစားကြရပြီးဖြစ်သလို၊ ကျွန်တော်တို့အမွေဆက်ခံကြရဦးမည့် ထာဝရအသက်နှင့်ထိုက်တန်သူဖြစ်ခွင့်ကိုလည်း ခံစားကြရပြီးဖြစ်၏။ ဤထာဝရအသက်ကို ကိုယ့်ဟာကိုယ်ပိုင်ဆိုင်ကြခြင်းမဟုတ်ဘဲ ဘုရားသခင်၏ကျေးဇူးတော်နှင့်မေတ္တာတော်စမ်းချောင်းထဲမှနေ၍ ကျွန်တော်တို့အတွက်ပေးအပ်လိုက်ခြင်းဖြစ်၏။ မေတ္တာထားဖို့ရန်သည် အမှန်စင်စစ် ထာဝရအသက်ရဖို့ရန်ပင်ဖြစ်၏။ သို့သော် ထာဝရအသက်တာကို ကျွန်တော်တို့ထံသို့ကျေးဇူးကြွယ်ဝစွာပေးအပ်ထား၏။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင့်ပညတ်တော်၏ပြည့်ဝစုံလင်သောချစ်ခြင်းမေတ္တာကို ကျွန်တော်တို့ထံသို့ပေးအပ်ရာ၌ဘုရားသခင်၏ ကိုယ်ပိုင်မေတ္တာတော်ထဲမှသွန်းလောင်းချလိုက်သော အားကောင်းလှသည့်စမ်းချောင်းတခုပမာ ပေးအပ်ထားသောကြောင့်ဖြစ် ၏။ ထို့သို့ဖြစ်သောကြောင့် ကျွန်တော်တို့သည် အိမ်နီးချင်းကိုမေတ္တာထားဖို့ဝိညာဉ်တန်ခိုးရှိထားကြပြီဖြစ်၏။ ဤသို့ အိမ်နီးချင်းကိုချစ်သောမေတ္တာသည် အမြဲတမ်းဆိုသလိုပင် ဘုရားသခင်အားချစ်သောမေတ္တာအပေါ် အခြေခံရမည် ဖြစ်၏။ ကျွန်တော်တို့သည် ဘုရားသခင်အတွက် ကျွန်တော်တို့အိမ်နီးချင်းကိုချစ်ကြခြင်းဖြစ်၏။ ထို့အတူဤသို့ လုပ်ခြင်းဖြင့် ဘုရားသခင်၏ မေတ္တာတော်ကို ကျွန်တော်တို့အိမ်နီးချင်းထံမှာပေါ်လွင်ထင်ရှားစေကြ၏။ ဆိုလိုသည်မှာ ကျွန်တော်တို့သူ့ကိုမေတ္တာပြမည်၊ သူ့လိုအပ်ချက်များကိုကူညီမည်၊ သို့သော် ကျွန်တော်တို့၏ လုပ်ဆောင်သမျှအား လုံးသည် ဘုရားသခင်အတွက်ကြောင့်သာဖြစ်ကြောင်းကို အိမ်နီးချင်းဖြစ်သူက ရှင်းလင်းစွာသိနားလည်အောင် ကျွန်တော်တို့ပြသကြရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့အိမ်နီးချင်းသည် (သူ၏ဘုရားသခင်အား သူ၏ကိုယ်၊စိတ်၊နှလုံး အလုံးစုံဖြင့် ချစ်မြတ်နိုးရမည်)ဟူသော လေးနက်သည့်တာဝန်ကြီးရှေ့တွင် ခြေစုံရပ်မိလျက်သား ဖြစ်သွားမည်ဖြစ်၏။

"သို့ဖြစ်လျှင် မည်သူသည်ကျွန်တော့်အိမ်နီးချင်းဖြစ်သနည်း?" မည်သူမဆို၊ ကျွန်တော့်အကူအညီလိုအပ်နေသူမည်သူမဆို ကျွန်တော့်အိမ်နီးချင်းဖြစ်ပါ၏။ သို့သော် ကျွန်တော်တို့ ဤမေးခွန်းကိုကြီးဘဲမေးပြီးရင်းမေးမနေကြပါစို့နဲ့။ မေးဖို့လိုသောမေးခွန်းမှာ ဤအရာမဟုတ်ပါ။ မေးရမည့်မေးခွန်းမှာ–"ကျွန်တော်မည်သူနှင့်အိမ်နီးချင်းဖြစ်နေသနည်း?"–ဖြစ်သည်။ ဤသို့မေးခြင်းဖြင့် ကျွန်တော်တို့ကို ခရစ်ယာန်မေတ္တာပြခြင်းလုပ်ငန်းစဉ်ထဲသို့သေချာပေါက်ဦးဆောင်သွားလိမ့်မည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် ကျွန်တော့်ဘဝလမ်းခရီး၏အချိန်တိုင်းမှာ(ကြုံတွေ့ရသူများ၊ ဖြတ်သန်းသွားသူများထဲမှ) ကျွန်တော့်ကိုလိုအပ်နေသောသူအားလုံး၏ အိမ်နီးချင်းဖြစ်နေသောကြောင့်ဖြစ်၏။ ထို့အတူ ကျွန်တော့်အိမ်နီးချင်းအားမေတ္တာပြနေရင်းနှင့် ကျွန်တော့်နှလုံးသားထဲမှာရှိနေသော ဘုရားသခင်၏မေတ္တာတော်ကို ထုတ်ဖော်ပြသနေခြင်းဖြစ်၏။

သို့ဖြစ်သောကြောင့် ကျွန်တော်တို့အယောက်စီတိုင်း သခင်ယေရှု၏ နိဂုံးချုပ်သွန်သင်ချက်များကိုပြန်လည်နားဆင်ကြည့်ကြရအောင်–"ထိုသူသုံးယောက်တို့တွင်အဘယ်သူသည်ထားပြလက်သို့ရောက်သောသူနှင့်စပ်ဆိုင်သောသူဖြစ်သနည်းဟု ပြန်၍မေးတော်မူလျှင်၊ ကျမ်းတတ်ကလည်း၊ လူနာကိုသနားသောသူသည်စပ်ဆိုင်သောသူဖြစ်ပါ၏ဟုလျှောက်သော် ယေရှုက၊သင်သည်သွား၍ထိုနည်းတူပြုလော့ဟုမိန့်တော်မူ၏"– (လုကာ ၁၀း၃၆–၃၇)

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

ဟေဗြဲ ၁၁း၁၇–၄၀ (ကျိန်းဘုရင်မူ)

၁၇ – အာဗြဟံသည် စမ်းသပ်ခြင်းကိုခံရသောအခါ၊ ယုံကြည်ခြင်းဖြင့် အိုင်းဇက်ကို ပူဇော်ပါသည်၊ ကတိတော်များကို လက်ခံရသူသည် မိမိ၏တဦးတည်းမွေးထားသောသားကို ပူဇော်ခဲ့ခြင်းဖြစ်သည်။ ၁၈ – ထိုသားနှင့်ပတ်သက်၍ အိုင်းဇက်ထံ၌သာ သင်၏အမျိုးအနွယ်တည်မည်ဟု ပြောထားခဲ့ပါသည်။ ၁၉ – ဘုရားသခင်က သူ့ကိုသေခြင်းမှပင် ပြန်ထမြောက်စေနိုင်သည်ဟု ယုံကြည်လျှက် ပူဇော်ခဲ့ခြင်းဖြစ်သည်၊ ထိုအဖြစ်မှနေ၍ သူသည် အိုင်းဇက်ကို ပုံဆောင်ချက်ဖြင့် ရရှိခဲ့ပါသည်။ ၂၀ – ယုံကြည်ခြင်းအားဖြင့် အိုင်းဇက်သည် ဂျေကော့ပ်နှင့်အီးစောတို့ကို နောက်လာမည့်အရာများနှင့်ပတ်သက်၍ကောင်းချီးပေးခဲ့ပါသည်။ ၂၁ – ယုံကြည်ခြင်းဖြင့် ဂျေကော့ပ်သည် သူသေခါနီးတွင် ဂျိုးဇက်၏သားများကို ကောင်းချီးပေးခဲ့သည်၊ သူ၏တောင်ဝှေးပေါ်တွင် မှီလျှက် ဝတ်ပြုခဲ့ပါသည်။ ၂၂ – ယုံကြည်ခြင်းဖြင့် ဂျိုးဇက်သည်၊ သူသေသောအခါ၊ အစ္စရေးသားသမီးတို့၏ထွက်ခွာခြင်းအကြောင်းကို ဖော်ပြပြောဆိုခဲ့သည်၊ ထို့နောက် သူ၏အရိုးများနှင့်ပတ်သက်၍ အမိန့်ပေးခဲ့ပါသည်။ ၂၃ – ယုံကြည်ခြင်းဖြင့် မိုးဇက်စ်၏မိဘများသည် သူမွေးဖွားသောအခါ၊ သုံးလတိတိ ဝှက်ထားပါသည်၊ အဘယ်ကြောင့်ဆိုသော် သူ သည် အဆင်းလှသောကလေးဖြစ်သည်ဟု မိဘတို့က သိမြင်သောကြောင့်ဖြစ်သည်၊ သူတို့သည် ဘုရင့်အမိန့်ကို

မကြောက်ရွံ့ ကြပါ။ ၂၄ – ယုံကြည်ခြင်းဖြင့် မိုးဇက်စ်သည် အရွယ်ရောက်လာသောအခါ၊ ဖါရောဘုရင့်သမီး၏သားဟု အခေါ်ခံရခြင်းကို ငြင်းပယ်ပါသည်။ ၂၅ – ထိုမှဆန့်ကျင်စွာ အပြစ်၏အလိုရမက်များကို ခေတ္တခံစားရခြင်းထက်၊ ဘုရားသခင့်လူတို့နှင့်အတူ ဒုက္ခခံစားခြင်းကို ရွေးချယ်ခဲ့သည်၊ ၂၆ – အီဂျစ်ပြည်ကြီး၏ကြွယ်ဝချမ်းသာခြင်းများထက် ခရစ်တော်ကြောင့် စော်ကားအနှိမ်ခံ ရခြင်းကို ပို၍ကြီးမားသောချမ်းသာခြင်းအဖြစ် တန်ဖိုးထားခဲ့ပါသည်။ ၂၇ – ယုံကြည်ခြင်းဖြင့် သူသည် အီဂျစ်ပြည်ကို စွန့်ခွာ ခဲ့သည်၊ ဘုရင်၏အမျက်ဒေါသကို မကြောက်ခဲ့ပါ၊ မမြင်ရသောသူကို မြင်နေသကဲ့သို့ သူသည် အားလုံးကို တည်ငြိမ်စွာ ခံယူ ခဲ့သည်။

၂၈ – ယုံကြည်ခြင်းဖြင့် သူသည် ကျော်သွားခြင်းပွဲကို စောင့်ထိန်းခဲ့သည်၊ သွေးကိုဖြန်းခြင်းပြုသည်၊ သို့မဟုတ်ပါက သားဦးတို့ကို ဖျက်ဆီးသောသူသည် သူတို့ကို ထိခိုက်မည်ဖြစ်သည်။ ၂၉ – ယုံကြည်ခြင်းဖြင့် သူတို့သည် ပင်လယ်နီကိုခြောက် သောမြေဖြင့် ဖြတ်ကူးကြသည်၊ ၎င်းကို အီဂျစ်လူမျိုးတို့ ဖြတ်ဖို့ကြိုးစားသောအခါ နစ်မြုပ်ကြသည်။ ၃၀ – ဂျေရီခိုမြို့ကို ခုနှစ် ရက်လှည့်ပတ်ကြပြီးသောအခါ၊ ယုံကြည်ခြင်းဖြင့် မြို့ရိုးတို့ ပြိုလဲခဲ့ပါသည်။ ၃၁ – သူလျှိုများကို ငြိမ်သက်ခြင်းနှင့်လက်ခံသော အခါ၊ ယုံကြည်ခြင်းဖြင့် ပြည့်တန်ဆာရေဟပ်သည် မယုံကြည်သူတို့နှင့်အတူ မပျက်ဆီးဘဲ လွတ်ခဲ့ပါသည်။ ၃၂ – ထို့နောက် ငါ ဘာကို ထပ်ပြောစရာလိုပါသေးသနည်း? ဂီးဒီယမ်၊ ဗာရက်၊ ဆဲမ်ဆမ်၊ ဂျက်ဖ်သား၊ ဒေးဗစ်၊ ဆဲမ်မြွလ်၊ ပရောဖက်များ စသည်တို့ကိုပြောဖို့ အချိန်ပင်မလောက်နိုင်ပါ။ ၃၃ – ထိုသူတို့သည် ယုံကြည်ခြင်းဖြင့် နိုင်ငံများကိုခြေမှုန်းခဲ့ကြသည်၊ ဖြောင့်မတ်စွာပြုမူခဲ့ကြသည်၊ ကတိတော်များကို ပိုင်ဆိုင်ခဲ့ကြသည်၊ ခြင်္သေ့တို့၏ပါးစပ်များကို ပိတ်ခဲ့ကြသည်။ ၃၄ – ပြင်းထန်သော မီးညွန့်များကို ငြိမ်းစေခဲ့ကြသည်၊ ဓါးဖျားမှလွတ်မြောက်ခဲ့ကြသည်၊ အားနည်းသောအဖြစ်မှ အားကြီးသောအဖြစ်သို့ ရောက်ခဲ့ကြသည်၊ တိုင်းတပါးတို့၏တပ်များကို ထွက်ပြေးစေခဲ့ကြသည်။ ၃၅ – အမျိုးသမီးတို့လည်း မိမိတို့၏သေသွားသောသားတို့ ပြန်ရှင်လာသည်ကိုတွေ့ခဲ့ကြသည်၊ အချို့တို့မှာ လွတ်မြောက်ခြင်းကိုမခံယူဘဲ ပို၍ကောင်းသော ပြန်လည်ထမြောက်ခြင်းကို ပိုင်ဆိုင်ရန် ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံယူကြသည်။ ၃၆ – အချို့တို့မှာ ရက်စက်စွာကဲ့ရဲ့ခံရခြင်း၊ ကျိန်ဒဏ်ပေးခံရခြင်းတို့ကို ခံကြရသည်၊ မှန်ပါသည်၊ ထို့အပြင် တုတ်နှောင်ခြင်း၊ ထောင်ကျခြင်းတို့ကိုလည်း ခံကြရပါသည်။ ၃၇ – သူတို့သည် ကျောက်တုန်းနှင့်အပစ်ခံရသည်၊ လွှဖြင့်အပိုင်းပိုင်းအဖြတ်ခံရသည်၊ စုံစမ်းနှောက်ယှက်ခြင်းခံရသည်၊ ဓါးဖြင့်သတ်ဖြတ်ခြင်းခံကြရပါသည်၊ သူတို့သည် သိုးသရေ၊ ဆိတ်သရေတို့ကိုဝတ်ဆင်ကာ၊ အခွင့်အရေးအားလုံး ဆုံးရှုံးကြရသည်၊ ဒုက္ခပေးခြင်း၊နှိပ်စက်ခြင်း တို့ကို ခံကြရသည်။ ၃၈ – (ထိုသူတို့အတွက် ကမ္ဘာကြီးသည် မထိုက်တန်ပါ)၊ သဲကန္တာရများထဲ လှည့်လည်နေခဲ့ကြသည်၊ တောင်တန်းများ၊ ဂူများ၊ လှိုင်ခေါင်းများထဲတွင် နေခဲ့ကြသည်။ ၃၉ – ထိုသူအားလုံးသည် ယုံကြည်ခြင်းဖြင့် နာမည်ကောင်း ကိုရခဲ့ကြသည်၊ ကတိတော်ကိုတော့ လက်မခံခဲ့ကြရပါ၊ ၄၀ – ဘုရားသခင်က ငါတို့အတွက် ပို၍ကောင်းသောအရာများကို ပေးမည့်အတွက်၊ သူတို့သည် ငါတို့မပါဘဲ ပြည့်စုံခြင်းသို့ မရောက်စေခဲ့ပါ။